# ကောင်းသန့် ... ချစ်သူဖတ်ဖို့



MCL(YAMC) မှ ဖန်တီးထားပါသည်။

**ချစ်တတ်ကြပါစေ**

ချစ်ခင်ကြသူအချင်းအချင်း တစ်ဦးနှင့်တစ်ဦး ပိုမိုသိနားလည် ခွင့်လွှတ်ပြီး
ချစ်ခင်တွယ်တာမြတ်နိုးတန်ဖိုးထားကြစေချင်သော
စေတနာဖြင့် ဤစာအုပ်ကို ရေးပါသည်။
ဤစာအုပ်ထဲတွင် မေတ္တာကို တန်ဖိုးထား ချစ်တတ်သူတို့အကြောင်း သစ္စာမေတ္တာ
အကြင်နာဆကဲသည့် အချစ်သည်းသူတို့ အကြောင်း၊ ခွင့်လွှတ်စွန့်လွှတ်ဝံ့ရဲသည့်
အချစ်သူရဲကောင်းများအကြောင်း၊ ချစ်သူကို အပြစ်မတင် အပြစ်မမြင် သည်းခံခွင့်လွှတ်ပြီး
ပါရမီဖြည့်ဆည်းပေးခဲ့ကြသော ဘဝကြင်ဖော်များအကြောင်းတို့ကို ကြည်နူးစရာများအဖြစ်
အတုယူနိုင်စေရန် ညှွန်းဖွဲ့ပါသည်။
အချစ်ကြီး၍ အမျက်ကြီးသူတို့အကြောင်း၊ အချစ်စိတ်မွှန်ပြီး သဝန်တိုရန်လိုတတ်သူတို့အကြောင်း၊
ချစ်သူကိုအမြဲစိတ်ကောက်ပြီး စိတ်အနှောင့်အယှက်ပေးတတ်သူတို့အကြောင်းကိုလည်း
သင်ခန်းစာယူစရာအဖြစ်
ရေးသီဖွဲ့ခဲ့ပါ၏ ။
ထို့ကြောင့် ဤစာအုပ်ဖတ်ပြီးသောအခါ ကြည်နူးစရာချစ်သူများအဖြစ် ယခင်ကထက် ပိုချစ်တတ်၊
ခင်တတ် ကြင်နာတတ်ကြပါစေ။ အစစအရာရာ စာနာနားလည် သည်းခံခွင့်လွှတ်ပြီး
တစ်ဦးနှင့်တစ်ဦး အပြစ်မမြင် အပြစ်မတင်ပဲ
ချစ်ခင်နိုင်ကြပါစေသတည်း။

စေတနာမေတ္တာမွန်ဖြင့်
ကောင်းသန့်

**ရည်ညွှန်းချက်**

ဤစာအုပ်သည်
ကိုယ့်ချစ်ခင်သူကို
သစ္စာရှိရှိ မြတ်မြတ်နိုးနိုး
ယုယုယယ ကြင်ကြင်နာနာနှင့်
စာနာ နားလည်ခွင့်လွှတ်တတ်သောစိတ်
ချစ်သူ၏ ပါရမီကို ဖြည့်ချင်သော ဆန္ဒဖြင့်
အနိုင်းမဲ့ ချစ်တတ်သော
ချစ် သူ တိုင်း သို့.......
ရည်ညွှန်းပါသည် ။ ။

ကောင်းသန့်

ခင် .......ရယ်....

နှင်းဆီနီနီရဲရဲလေးက
ချစ်ဖို့ကောင်းတယ်နော်။
အသားဖြူဖြူ
ဝဝကစ်ကစ် ကလေးငယ်လေးလည်း
ချစ်ဖို့ကောင်းတယ်နော်။
ကြော်ငြာစုပါစတား
........................လည်း ချစ်ဖို့ကောင်းတယ်နော်။
**ဒါပေမယ့် အားလုံးထဲမှာ**
**ခင်က ချစ်ဖို့အကောင်းဆုံးပါပဲ။**
**.....................................................................**

ခင်.......ရယ်....

တစ်ဘဝမှာ ဒီတစ်ခါ
ဒီတစ်ခါမှာ ဒီတစ်ချစ်
နောက်ဆုံးဖြစ်စေပါတော့မယ်။
ဘဝအဖန်ဖန်သစ်ခဲ့ရင်လည်း
**မောင့်အချစ်ကတော့**
**(ကျွန်း) သစ်ပင်ကြီးလို**
**ထာဝစဉ် ရှင်သန်နေမှာပါ။**
**.........................................................................**

ခင် ......ရယ်.......

လိပ်ပြာလေးက
ပန်းပွင့်လေးကို ချစ်တာအပြစ်လား။
အပျိုမလေးက
ဆံပင်ရှည်ရှည်ကောင်းလေးကို
ချစ်တယ်လို့ပြောတာ အပြစ်လား။
ဘာသာမတူတဲ့သူ
ချစ်ခဲ့မိတာ အပြစ်လား။
အရွယ်မတူလို့
ချစ်မိတာလည်း အပြစ်လား။
ဂုဏ်ရည်မတူလို့
ချစ်ခဲ့မိရင်ကော ... အပြစ်လား။
**အချစ်ကို အပြစ်တွေနဲ့**
**မဲညစ်သွားအောင် မလုပ်သင့်ပါဘူးကွယ်။**
..........................................................................

ခင် ...

အကြင်နာလက်
ခိုင်ခိုင်ဆက်လို့
တစ်သက်မမုန်းကြေးနော်။
...........................................................................

ခင် ... ရယ် ...

ရုပ်ရှင်မင်းသား
ချောချောလေးတွေကိုလည်း
ချစ်ချင်ချစ်ပါ။ (စိတ်ထဲက မပါဘဲ)
အဆိုတော် ... ဟို ... ကောင်လေးကိုလည်း
ချစ်ချင်ချင်ပါဦး ( သူ့သီချင်းကြိုက်လို့)
အချစ်လှလှလေးတွေ ရေးတတ်တဲ့
........ စာရေးဆရာကိုလည်း
ချစ်တယ်ဆိုလည်း ချစ်ပေါ့ (သူရေးတဲ့စာကြိုက်လို့)
ဒါပေမယ့် ...
**မောင့်ကို ချစ်တဲ့အချစ်မျိုးနဲ့**
**နည်းနည်းလေးမှ မချစ်ရဘူးနော်။**
**သိပ်ချစ်ရင် သိပ် သဝန်တိုတတ်တယ် ... ခင် ... ရဲ့။**
...........................................................................................

ခင် ...

မဆင်မခြင် (မောင်က)
သဝန်တိုခဲ့ရင်
ခင် ... သဘောပေါက်
**မောင့်လောက် ချစ်တတ်သူ**
**ဤ ဇမ္ဗူဝယ်**
**မည်သူမှမရှိ။**
ထို့ကြောင့် သဝန်တို၏ ။
...............................................................................................

ခင် ...

ကျောင်းအတူတူသွားတယ်။
မုန့်အတူတူ စားတယ်။
ကျောင်းလစ်ပြီး ပျော်ပွဲစား သွားတယ်။
သူငယ်ချင်းတွေနဲ့ ဝိုင်းဖွဲ့ပြီး
သူ့အကြောင်း ကိုယ့်အကြောင်းတွေလည်း ပြောကြတယ်။
သူများရည်းစားတွေအကြောင်းလည်း ပါတယ်။
ဘတ်စ်ကားကြပ်တဲ့ အကြောင်းလည်း ပါတယ်။
ရပ်ကွက်မှာမီးပျက်တဲ့အကြောင်းလည်း ပါတယ်။
ကြည့်ကောင်းတဲ့ ဗွီဒီယိုခွေအကြောင်းတွေလည်း ပါတယ်။
ပြီးတော့မှ သူငယ်ချင်းတွေက
**နင်တို့ နှစ်ယောက် ဘယ်တော့စားရမှာလဲ**တဲ့။
ခင် မျက်နှာနီရဲသွားပြီး...မောင်လည်းပဲ ရှက်တက်တက်နဲ့
**ဟာ .. ဗျာ ... ကျွန်တော်တို့က သူငယ်ချင်းတွေပါလို့**
**ဖြေလိုက်မိတယ်။ အဲ့ဒါ မှန်သလား ... ခင်။**
...........................................................................................

ခင် ...

**အစကတော့ သူငယ်ချင်း**
**ရိုးရိုးခင်တာပါ ပေါ့နော်။**
**ပြီးတော့ ... တိုး တိုးပြီး ကြင်နာမိတော့**
**မမြင်ရ မနေနိုင်**
**တမှိုင်မှိုင် တတွေတွေ**
**လွမ်းမျက်ရည်ကြွေခဲ့ရင်**
**အပြစ်မမြင် ... အပြစ်မတင်ပါနဲ့နော်။**
အစဉ်အလာ မပျက်အောင်
ရက်ရက်စက်စက် မနင်ဘဲ
ခင် ပြန်ချစ်ခဲ့မယ် ဆိုရင်
ကမ္ဘာမြေပြင်မှာ
မောင်သာလျှင် ကံ အကောင်းဆုံးဖြစ်မှာပါ။
..........................................................................

ခင် ...

ခင် ... တိရိစ္ဆာန်ဥယျာဉ်နားရောက်မှတော့
တိရိစ္ဆာန်ဥယျာဉ်ထဲ ဝင်ကြည့်ပေါ့နော်။
ဆူးလေဘုရားနား ရောက်နေမှတော့
ဆူးလေဘုရား ဝင်ဖူးပေါ့နော်။
စူပါမားကတ်နား ရောက်နေမှတော့
အပျင်းပြေ ဝင်လေ့လာကြည့်ပေါ့နော်။
ဒါပေမယ့် ခင်ရယ် ...
**အချစ်သစ်ပင်နားရောက်ရင်တော့**
**အပျင်းပြေဝင်နားမှာကို စိုးပါတယ်။**
အဲဒီအချစ်သစ်ပင်က
မောင် ဖြစ်ချင်ဖြစ်နေမှာ ခင် ... ရဲ့။
......................................................................................

ခင် ...

**မေတ္တာသန့်စင် အေးရိပ်ထင်သည့်**
**သစ်ပင်တစ်ပင် ဖြစ်ချင်တယ်။**
သည်အရိပ်မှာ ခိုနားအားဖြည့်
ကြိုက်သရွေ့နေပါ။
အမောပြေ စိတ်သက်သာ
ခင် ထွက်ခွါသွားမယ်ဆိုလည်း
ဘာမဆိုအလိုကျ ခင့်ဆန္ဒအတိုင်းပါပဲကွယ်။
**မသိမသာ အရိပ်မိုး**
**ခင့်အကျိုးဆောင်ရတာ**
**မေတ္တာဆုလာဘ်ပါ … ခင်။**
……………………………………………………………………………

ခင် …

စာကြည့်တိုက်ရောက်ရင်
စာဖတ်ရမယ်။
စစ်မြေပြင်ရောက်ရင်
စစ်တိုက်ရမယ်။
ဘုရား(ကျောင်း) ရောက်ရင်
ဘုရားစာ ရွတ်ရမယ်။
အလုပ်ထဲရောက်ရင်
အလုပ် လုပ်ရမယ်။
ဈေးထဲရောက်ရင်
ဈေးဝယ်ရမယ်။
**ပန်းခြံထဲရောက်ရင်**
**(မောင်တို့နှစ်ယောက်စလုံး)**
**အချစ်စကားတွေ ပြောရမှာပေါ့နော်။**
ဒါ သဘာဝပဲ ခင် … ရဲ့။
……………………………………………………………………………

ခင် …

တယ်လီဖုန်းထဲက ခင့်အသံ

ရင်ခုန်သံမြန်တယ်။

နေကောင်းလား။

ထမင်းစားပြီးပြီလား။

ဘာစဉ်းစားနေတာလဲ။

**မောင်ကလည်း ပြန်ဖြေတယ်။**

ဟုတ်ကဲ့ ... နေကောင်းပါတယ်။

ကြက်သားဟင်းနဲ့ ထမင်းစားပြီးပါပြီ။

ပြီးတော့ ...

**ခင့်ကို တအားဖက်ထားတဲ့**

**ညက အိပ်မက်အကြောင်း**

**ခင့် နဖူးလေးကို နမ်းတဲ့**

**အလွမ်းအိပ်မက်အကြောင်းများ**

**စဉ်းစားနေပါကြောင်း ...။**

**......................................................................**

ခင် ...

သစ်ကုလားအုတ်ကြီးကို ဘာအစာကျွေးရမလဲ။
ဝက်အူချောင်းကျွေးလို့ ဘယ်ကောင်းမလဲနော်။
ရေထဲကလိပ်တွေကို ဘာအစာကျွေးရမလဲ။
ချောကလက်ကျွေးလို့ ဖြစ်ပါ့မလား။
ဆင်မလေးမိုမိုကို ဘာအစာကျွေးရမလဲ။
ကြက်သားကင်ကျွေးလို့ မရဘူးထင်တယ်နော်။
ကျားသစ်လေးတွေကော ဘာကျွေးရမလဲ။
ပေါင်မုန့်ထောပတ်သုတ်ကျွေးလို့ ကြိုက်ပါ့မလား။
ခွေးလေးဘလက်ကီကိုကော ဘာကျွေးရမလဲ။
ကန်စွန်းရွက်ကျွေးလို့ မဖြစ်ဘူးထင်တယ်။
**ခင့်....ကိုကော ဘာစကားတွေ ပြောရင်ကောင်းမလဲ။**
**စိတ်ညစ်စရာစကားတွေပြောလို့ ဘယ်ကောင်းပါ့မလဲနော်။**
**ပျော်စရာ ရွှင်စရာ**
**အချစ်စကားလှလှလေးတွေ ပြောမှ ဖြစ်မှာပေါ့**
**ဒါမှ ခင်ကြိုက်မှာလေ။ ဟုတ်တယ် ... ဟုတ်။**
...........................................................................................

ခင် ...

ဘာမဆို အလိုလိုက်
ခင့်အကြိုက် ဖြစ်စေချင်တယ်။
ဘာဆိုဘာမှ မပြော
ခင့်သဘောအတိုင်းပေါ့။
ခင် ဖြစ်ချင်တာတွေမှန်သမျှ
ခင့်ဆန္ဒ အတိုင်းပါ။
**မေတ္တာဆိုတဲ့သဘော**
**လိုက်လျောဖြည့်ဆည်း**
**အလျှော့ပေးနည်း တစ်မျိုးထင်ပါရဲ့။**
.............................................................................................
ခင် ...

သူတို့က ပြောတယ်…
သစ်ပင်မှာ အမြစ်
လူမှာ အချစ်တဲ့။
တစ်ပွင့်ကြွေပေမယ့်
တစ်ပွင့်ဝေတတ်တာလည်း အချစ်တဲ့။
အချစ်ဥယျာဉ်မှာ
အချစ်ပန်းတွေကလည်း တစ်ပွင့်မက
ပွင့်ဝေတတ်ကြသေးသတဲ့။
စပယ်ပန်းရနံ့လို
မွှေးပျံ့ နေတတ်တာလဲ အချစ်တဲ့။
ဆူးနဲ့နှင်းဆီလို
လှတပတ အချစ်မျိုးလည်းရှိသတဲ့။
**မောင်က ပြောတယ်။**
**ခင့်အချစ်က နံနက်မိုးလင်း**
**ပြူတင်းပေါက်အဖွင့်မှာ မြင်လိုက်ရတဲ့**
**တေးဆိုငှက်ကလေးနဲ့ တူတယ်လို့။**
ဘာဖြစ်လို့ တူတာလဲ … ဆိုတော့
ကြည်နူးစရာ ကောင်းလို့လေ။
……………………………………………………………

ခင် ...

**အိပ်မက်ဆိုတာ**

**ဆန္ဒခြေရာ တဲ့ ...ကြားဖူးတယ်။**

မရေရာပေမယ့်

သေချာတာတစ်ခုကတော့

ဖြစ်ချင်တဲ့ဆန္ဒတွေ

ပြင်းပြနေတဲ့အခါ

အိပ်မက်မှာ ပါလာတတ်သတဲ့။

**ဒါကြောင့် ...**

**ခင့်ရဲ့ အိပ်မက်တွေ**

**မောင် သိ ချင် နေ လေ ရဲ့။**

..........................................................................................

ခင် … ရေ …

သစ်ပင်ကြီးတွေကလည်း ထိုးထိုးထောင်ထောင်နဲ့
ဒ့ါကြောင့် ခင့်ကို ချစ်တာ။
ကားတွေကလည်း ရှုတ်ယှက်ခတ်နေတာပဲ
ဒ့ါကြောင့် ခင့်ကိုချစ်တယ်။
အဆောက်အဦးတွေကလည်း မိုးထိမြင့်တော့မယ်။
ဒ့ါကြောင့် ခင့်ကိုချစ်တယ်။
လယ်ကွင်းတွေကလည်း စိမ်းစိုနေတာပဲ
ဒ့ါကြောင့် ခင့်ကိုချစ်တာပေ့ါ။
ဘတ်စ်ကားတွေကလည်း ကြပ်လိုက်တာ
ဒ့ါကြောင့် ခင့်ကိုချစ်တာ။
မြစ်ထဲမှာ ဗေဒါတွေ မျောနေကြလေရဲ့
ဒ့ါကြောင့်လည်း ခင့်ကိုချစ်တယ်။
ရပ်ကွက်ထဲမှာ မီးတွေပျက်နေတယ်၊
ဒါလည်း ခင့်ကိုချစ်တာပဲ။
လက်ဖက်ရည်တစ်ခွက် နှစ်ဆယ်ဖြစ်နေပြီ
ဒါလည်း ခင့်ကို ချစ်မှာပဲ။
**ခင့်ကိုချစ်တာနဲ့ ဘာဆိုင်လို့လဲလို့ ပြောမလို့လား**
**မပြောနဲ့ သိတယ်။**
**ဘာမှမဆိုင်လို့ကို ချစ်တာ။**
**အချစ်မှာ ဆိုင်တာ မဆိုင်တာမသိ ချစ်တာပဲရှိ၏။**
………………………………………………………………………………

ခင် ...

မဆီမဆိုင်
လက်ပံပင် ဓားနဲ့ချိုင်
မဆိုင်တဲ့ အပေါက်
ဂလိုင်နဲ့ခေါက် ဆိုတာတွေ
ကြားဖူးပါတယ်။
မောင်ကတော့
ဓားနဲ့လည်း မချိုင်
ဂလိုင်နဲ့လည်း မခေါက်
**တစ်ယောက်သော ခင့်ကိုပဲ**
**စွဲစွဲမြဲမြဲ ချစ်ချင်တယ်။**

ခင် ...

ချယ်ရီမဂ္ဂဇင်းရဲ့
မျက်နှာဖုံးလေးက လှတယ်နော် ...ကြိုက်လိုက်တာ။
မေဆွိရဲ့ မောင် သီချင်းလေးက
နားထောင်ကောင်းတယ်နော် ... ခံစားရတယ်။
ကြော်ငြာစတား ထက်ထက်မိုးဦးရဲ့
ရွှေဆိုင်ကြော်ငြာလေးက ထူးခြားတယ်နော် ... စွဲမက်တယ်။
ပန်းဖြူ ပါတဲ့ အရိပ် ရုပ်ရှင်ကားလည်း
မဆိုးဘူးနော် ... သဘောကျတယ်။
ဒါပေမယ့် ...
**ဘာတွေ ဘယ်လိုပဲကောင်းကောင်း**
**ခင့်ကို ကြိုက်နှစ်သက်၊ ခံစားစွဲမက်၊**
**သဘောကျတာကိုတော့ မီအုံမထင်။**
**.........................................................................................**

ခင် ...

တယ်လီဖုန်းထဲမှာ
နာမည်လေးမေးတာတောင်
ဝန်လေးနေရသလား။
ခင့်စကားသံလေးက
ချိုအေးသံသာ
ချစ်စရာကောင်းတာမို့
ဘာရယ်မဟုတ်
နှုတ်ဆော့ပြီး မေးမိတာ
အပြစ်မရှာပါနဲ့ ခင်ရယ်။
**မေတ္တာဖြူဖြူအတွေးနဲ့**
**ခင့်နာမည်လေး သိပါရစေ။**
........................................................................

ခင် ... ရေ ...

မိုးတိမ်က ငှက်ဖြစ်ချင်သလို
ငှက်က မိုးတိမ်ဖြစ်ချင်တယ်။
ပန်းပွင့်က လိပ်ပြာဖြစ်ချင်သလို
လိပ်ပြာက ပန်းပွင့်ဖြစ်ချင်တယ်။
လူငယ်က လူကြီးဖြစ်ချင်သလို
လူကြီးကလည်း လူငယ်ပြန်ဖြစ်ချင်တယ်။
ခင်ကကော ...
ဘာဖြစ်ချင်သလဲ ဟင် ...။
ကိုယ့်ဘဝကိုယ် မကျေနပ်နိုင်တဲ့
လူ့လောကကြီးထဲမှာ ...
**ခင်ဖြစ်ချင်တာလေးတွေ သိပါရစေ။**
**ပါရမီဖြည့်ချင်လို့ပါကွယ်။**
....................................................................................

ခင် ...

**ပြူတင်းပေါက်နံဘေး**
**သစ်ကိုင်းလေးပေါ်မှာ**
**တေးချိုချိုဆိုနေတတ်တဲ့**
**ငှက်တေလေလေးတစ်ကောင်**
**မောင် ဖြစ်ချင်တယ်။**
ခင် … မောနွမ်းတဲ့အခါ
အပန်းပြေစေဖို့
ခင် … တမ်းတတဲ့အခါ
အလွမ်းပြေစေဖို့
နွေညလေးတွေမှာ
လာပြီး တေးဆိုပါရစေ။
........................................................................................

ခင် ... ရယ် ...

နွေမှာ နေပူမယ်၊
မိုးမှာ မိုးရွာမယ်၊
ဆောင်းမှာ နှင်းကျမယ်။
နေပူရင် ဦးထုပ်ဆောင်း
မိုးရွာရင် ထီးဆောင်း
နှင်းကျရင် စောင်ခြုံ
သဘာဝနဲ့ အံဝင်ခွင်ကျဖြစ်အောင်
ကြံဆောင်ရမှာပဲ မဟုတ်လား။
**တကယ်လို့ ခင့်ဘဝမှာ**
**သောကနွေရာသီဖြစ်ခဲ့ရင်**
**စေတနာဦးထုပ်ဆောင်းပေးမယ်။**
**မုန်တိုင်းမိုးတွေရွာရင်**
**အကြင်နာထီးလေး ဆောင်းပေမယ်။**
**အကြင်နာမဲ့တဲ့ အေးစက်စက်ဆောင်းမှာ**
**မျက်ရည်နှင်းတွေကျခဲ့ရင်တော့**
**မေတ္တာစောင်လေးခြုံပေးချင် ... ကွယ်။**
......................................................................................

ခင် ...

မပြောလည်း သိ
မထိလည်း နာ
မမှာလည်း ကြား
**နားလည် ခံစားတတ်ရင်**
**ကြိုတင် သိတတ်စမြဲပါ ခင်။**
သိတတ်လို့ စာနာ
အကြင်နာ ပိုခဲ့ရင်
ပျော်ရွှင်စရာ ပါပဲကွယ်။
.........................................................................................

ခင် … ရယ် …

ကားလှလှလေးဝယ် မစီးနိုင်လို့
မချစ်ဘဲ မနေနဲ့နော်။
ရုပ်ချောချောလေး မဟုတ်လို့
မကြိုက်ဘဲလည်း မနေပါနဲ့။
ခင့်အလိုကျ ဝယ်စေဖျဆိုပြီး
ငွေတွေပေါများမနေလို့
မေတ္တာတရားတွေလည်း မခေါင်းပါးပါနဲ့နော်။
ဥစ္စာစည်းစိမ်တွေနဲ့ အရေပြားပေါ်က အလှတရားဟာ
နှလုံးသားမှတ်ကျောက် အတင်မခံနိုင်ပါဘူးကွယ်။
သစ္စာကို တန်ဖိုးထားတတ်တဲ့ မေတ္တာသမားကို
ခင် … တန်ဖိုးထားတတ်စေချင်တယ်။
**ခင် … တန်ဖိုးထား နားလည်နိုင်ဖို့လည်း**
**နှလုံးသားရာဇဝင်မှာ စာတင်ထိုက်တဲ့**
**အချစ်သူရဲကောင်း မှတ်တမ်းဝင်တွေကို**
**မောင် ပြောပြချင်ပါတယ်။**
**ခင် နား ဆင် ကြည့် ပါ နော် …။**
………………………………………………………………………

ခင် …

နှလုံးသား ရာဇဝင်မှာ
စာတင်ထိုက်တဲ့
အချစ်သူရဲကောင်းတွေ အတ္ထုပ္ပတ္တိ
ခင် … သိခဲ့ရင်
ဘယ်လိုမြင် … ဘယ်လိုထင်မလဲ
**မောင် … သိချင်လိုက်တာ။**
………………………………………………………………………

ခင် …

ရာမဇာတ်ကို ဖတ်ဖူးမှာပေါ့နော်။
သီတာဒေဝီကိုလိုချင်ရင် လေးတင်ပွဲဝင်ရမတဲ့။
အလွန်လေးလံတဲ့ ရောမလေးကြီးကို မ ပြပြီး
လေးညို့ကို ဆွဲတင်နိုင်တဲ့သူသာ
သီတာဒေဝီရဲ့ဖူးစာရှင်ဖြစ်နိုင်မတဲ့လေ။
အတိုင်းတိုင်း အပြည်ပြည်က မင်းသားတွေကတော့
ရှိုးအမျိုးမျိုးနဲ့လာပြီး ပြိုင်ပွဲဝင်ကြသတဲ့။
ရာမနဲ့ လက္ခဏာညီနောင်ကတော့ ဆရာရသေ့ကြီးရဲ့
မိန့်မှာချက်အရတောထဲကတက်လာပြီး ပြိုင်ပွဲဝင်တာကြောင့်
သားသားနားနား ဘယ်ရှိပါ့မလဲနော်။
ဒါပေမယ့် ...
သီတာဒေဝီဟာ မောင်တော်ရာမကိုမြင်တာနဲ့
နှစ်သက်သဘောကျပြီး မကြာခဏစိုက်ကြည့်နေမိသတဲ့။
ရှိုးအမျိုးမျိုးနဲ့ ဟန်ရေးပြနေကြတဲ့ မင်းသားတွေကြားထဲမှာ
သိပ်မသားနားတဲ့ ရာမမင်းသားကို ဘာဖြစ်လို့
စွဲငြိပြီး စိုက်ကြည့်နေမိသလဲ၊ ခင် ဘယ်လို ထင်သလဲ။
**မြင်မြင်ချင်း ချစ်မိလို့လား။**
**ယောကျ်ားပီသတဲ့ ရုပ်လက္ခဏာကြောင့်လား။**
**ခင့် အထင် ... ခင့် အမြင်ကို သိချင်လိုက်တာ။**
...................................................................................................

ခင် ...

**အချစ်ဟာ ထူးဆန်းတယ်နော်။**
**ရှုးနှမ်းတာလည်း ဖြစ်တတ်တယ်။**
အကြောင်းမရှိ အကြောင်းရှာ
ဘာမှန်းလည်း မသိ
ချစ်မိနေတတ်သတဲ့။

.............................................................................................................
ခင် ရယ် ...

မောင်တော်ရာမက သီတာဒေဝီကို
သူမရဲ့သစ္စာတရားကို ပြသဖို့အတွက်
အများပြည်သူတွေရှေ့မှာ
မီးပုံထဲခုန်ဆင်းစေခဲ့တာ ခင် မှတ်မိတယ်နော်။
မချစ်လို့ ... မယုံကြည်လို့
မဟုတ်ပါဘူးကွယ်။
သူ့ပြည်သူတွေ
ကြည်ဖြူစေဖို့ သက်သက်ပါ။
တစ်ခါတစ်ရံမှာ အများအမြင်တင့်တယ်အောင်
မလုပ်ချင်တာတွေ လုပ်ရတတ်ပါတယ်။
**အဲဒီ့အခါမျိုးမှာ**
**နားလည်ခွင့်လွှတ်ပေးတတ်ဖို့**
**သိပ် အရေးကြီးတယ်နော်။**
ခင်သာ သီတာဒေဝီနေရာမှာဆို
မောင်တော်ရာမကို
စိတ်တိုပြီး ငြိုငြင်နေမလားဟင်။
သီတာဒေဝီကတော့ သူ့သစ္စာတရားကို သူယုံလို့
မီးပုံထဲခုန်ဆင်းပြခဲ့တယ်လေ။
**ခင့်ပို သီတာဒေဝီလိုမျိုး ဖြစ်စေချင်ပါရဲ့။**
..........................................................................................

ခင် ...

ကိုယ့်သစ္စာတရား ကိုယ်ယုံပြီး
မီးပုံထဲ ခုန်ဆင်းဝံ့တဲ့
**သီတာဒေဝီရဲ့ အချစ်**
ချစ်သူကို အပြစ်မယူ ကြည်ဖြူပေမယ့်
အများပြည်သူ အမြင်ရှင်းအောင်
မီးပုံထဲ ခုန်ဆင်းစေခိုင်းတဲ့
**မောင်တော်ရာမရဲ့ အချစ်**
**အပြစ်မရှာရင်**
**အနှစ်သာရကတော့ အတူတူပါပဲ ခင်။**

.........................................................................................

ခင်ရယ် ...

ဒဿဂီရိဟာ
အင်မတန်အချစ်ကြီးသူပါ။
ဒါပေမယ့် ...
ပိုင်ဆိုင်လိုချင်တဲ့ အတ္တအချစ်နဲ့ချစ်ပြီး
သီတာဒေဝီကို အလိုမတူဘဲ
အတင်းအဓမ္မလုယူမိလေတော့
ရာမဇာတ်လမ်း သူ့အခန်းမှာ
လူကြမ်းမင်းသား ဖြစ်ခဲ့ရတယ်လေ။
ပိုင်ဆိုင်လိုချင်တဲ့ အတ္တနဲ့ချစ်ခဲ့ကြရင်
ဒဿလိုပဲ ဖြစ်တတ်တယ်နော်။
**အချစ်ဆိုတာ အတင်းအဓမ္မပြုမူ လုယူလိုရတဲ့**
**အရာမျိုးမှ မဟုတ်တာ။**
**သူ့အလိုလို ဖူးပွင့်လာတတ်တဲ့**
**အရိုင်းပန်းလေးပဲ မဟုတ်လား။**
ဒါတွေမောင် ... သိထားနှင့်တော့ ...
ဒဿလိုအချစ်ကို အတင်းအဓမ္မလုယူမယ့်သူမျိုး
ဘယ်တော့မှ မဖြစ်စေရဘူးဆိုတာ
ယုံပါ ... ခင်ရယ်။
............................................................................................

ခင် ...

**တစ်မိုးအောက်တွင်**
**တစ်ယောက်ထင်လျက်**
**ရင်မှာစွဲနစ်**
**သိပ်ချစ်တယ်ခင်။**
မမြင်ရ မနေနိုင်
ပိုင်ချင်စိတ်ထန်ပြင်းလို့
အတင်းအဓမ္မ
မရ ရအောင် ယူခဲ့မယ်ဆိုရင်
ခင် ... ကြည်ဖြူမှာလား။
ခင် ... ပြုံးစူမှာလား။
...........................................................................

ခင်ရယ် ...

ညီတော်လက္ခဏရဲ့အချစ်ဟာ
အချစ်ရာဇဝင်မှာ စာတင်ထိုက်ပါတယ်။
နောင်တော်ရာမကို စိုက်ကြည့်လိုက်တဲ့
သီတာဒေဝီရဲ့အကြည့်တစ်ချက်ကို
အဓိပါယ်ဖော်နိုင်ခဲ့လို့
လက်ထဲက လေးကို မ ရုံပဲ မ ခဲ့ပါတယ်။
လေးညို့ကို တင်နိုင်ရက်နဲ့
မတင်ခဲ့ဘူးနော်။
သီတာဒေဝီရဲ့အလှကို
ချစ်ခင်နှစ်သက်ပေမယ့်
နောင်တော်အတွက် စွန့်လွှတ်ခဲ့တယ်လေ။
**အချစ်ဆိုတာ တစ်ခါတစ်ရံမှာ**
**စွန့်လွှတ်ရတာမျိုး တွေ့ကြုံတတ်တယ်နော်။**
မောင် ... သာ လက္ခဏလိုနေရာမျိုးမှာဖြစ်ခဲ့ရင်
ခင်ကကော ... မောင့်ရဲ့စွန့်လွှတ်ဝံ့တဲ့ အချစ်မျိုးကို
ခံစားနားလည်နိုင်ပါ့မလား။
.......................................................................................

ခင် ...

**အချစ်ဆိုတာ**
**တစ်ခါတစ်ရံမှာ**
**ကံကြမ္မာလှည့်စား**
**ကွဲကွာသွားတတ်သလို**
**မျှော်လင့်မထားဘဲ**
**ညားချင် ညားတတ်တာ ခင် ... ရဲ့။**
.......................................................................................

ခင်ရယ် ...

သီတာဒေဝီရဲ့အချစ်ဟာ
မှတ်ကျောက်တင်ထိုက်တဲ့ အချစ်မျိုးနော်။
ရွေးချယ်စရာ ယောကျ်ားတွေအများကြီးထဲက
ရာမမင်းသားကိုပဲ ချစ်မြတ်နိုးခဲ့တယ်။
တောကြီးထဲမှာ ညီတော်လက္ခဏနဲ့
နှစ်ယောက်တည်းကျန်ခဲ့ပေမယ့်
မဖောက်ပြန်ခဲ့ဘူး။
ဒသဂီရိက အတင်းအဓမ္မလုယူသွားတော့လည်း
အသက်အသေခံမယ်ဆိုပြီး ငြင်းဆန်ခဲ့တယ်။
ပြီးတော့ ...
သူ့ရဲ့အချစ်နဲ့ သစ္စာကို သက်သေပြဖို့
လူပုံအလယ်မှာ မီးပုံကြီးထဲ အသက်စွန့်ပြီး
ခုန်ဆင်းခဲ့တယ်လေ။
**သီတာဒေဝီလို မိန်းမမျိုးဟာ**
**ချီးကျူးလေးစားထိုက်ပါတယ်။**
**အဲ့ဒီလို မိန်းမမျိုးတွေကို**
**ယောကျ်ားတွေက တန်ဖိုးထားလေးစားကြတယ်ဆိုတာ**
**ခင့်ကို သိစေချင်တယ်။**
.................................................................................................

ခင်ရယ် ...

မေတ္တာတရားကို
ယုံစား နားလည်ပြီး
**သစ္စာတရားကို**
**တန်ဖိုးထားတတ်ရင်**
**ယောကျ်ားအတော်များများက**
**လေးစားမြတ်နိုးတတ်ကြတယ်ဆိုတာ**
**ခင် ... သိမှာပါနော်။**
...........................................................................................

ခင်ရယ် ...

နောင်တော်ရာမဟာ သီတာဒေဝီကို
မြင်မြင်ချင်း ချစ်လို့ ကြိုက်လို့
လေးတင်ပွဲဝင်ခဲ့တာ မဟုတ်ပါဘူး။
ဆရာရသေ့စကား မပယ်ရှားချင်လို့
လူရမ်းကားလက်ထဲ
မယ်သီတာကို မပါစေချင်လို့
အခြေအနေအရ လေးတင်ပွဲဝင်ခဲ့ရတာပါ။
လေးတင်ပွဲမှာ အနိုင်ရလို့
သီတာ့လက်ကို ဆွဲပြီးပြန်အလာ
ရွှေသမင် လိုချင်လှပါတယ်လို့
ချစ်သူပူဆာတဲ့အခါ အလိုလိုက်ခဲ့တယ်လေ။
ရာမ မင်းသားဟာ ဘယ်လိုယောကျ်ားမျိုးဆိုတာ
ခင် သိမှာပါနော်။
**ယောကျ်ားကောင်း ယောကျ်ားမြတ်တွေဟာ**
**သူတို့အချစ်ကို လူမြင်သူမြင် မထုတ်ဖော်ပြပေမယ့်**
**ကွယ်ရာမှာ ချစ်သူကိုအလိုလိုက်တတ်ပါတယ်။**
...............................................................................................

ခင် ...

ရင်ထဲကအချစ်ကို
ခင် မြင်အောင် မပြတတ်ပေမယ့်
**နလုံးသွေးရပ်လုမတတ်**
**တဆတ်ဆတ်ရင်ခုန်ပြီး**
**တုန်နေအောင်ချစ်တာ**
ခင် … သိသင့်ပါတယ်။

……………………………………………………………………………………

ခင်ရယ် …

ရှင်မွေးနွန်းနဲ့ မင်းနန္ဒာအဖြစ်ဟာ
ကြေကွဲစရာပါကွယ်။
ချစ်သူကို (မိဘသဘောမတူလို့)
မိချောင်းစီးပြီး ညဘက်ကြီး စွန့်စားသွားတွေ့ဝံ့တဲ့
မင်းနန္ဒာရဲ့အချစ်ကို ချီးကျူးလေးစားပါတယ်။
ချစ်သူဆုံးသွားပြီဆိုတာ ကြားလိုက်တာနဲ့
နလုံးသားကွဲကြေ သေလောက်အောင် အချစ်ကြီးတဲ့
ရှင်မွေးနွန်းကိုလည်း စာနာသနားမိပါတယ်။
**တစ်ခါတစ်ရံမှာ ကံကြမ္မာဟာ**
**ချစ်သူတွေကို သေကွဲရှင်ကွဲတွေ**
**ဖြစ်စေတတ်တယ်နော်။**
ဒါပေမယ့် ခင်ရယ် …
ချစ်သူအတွက်ဆိုပြီး
မလိုအပ်ဘဲ စွန့်စားတာမျိုး
အချစ်ကြောင့် ရူးရူးမိုက်မိုက်
သတ်သေတာမျိုးတွေကိုတော့
အားမပေးသင့်ဘူးပေါ့။

……………………………………………………………………………………

ခင် … ရေ …

အချစ်အတွက်

အသက်ပင်သေသေဆိုပြီး
စွန့်စားဝံ့သူတွေကို
မနာလိုဘူး ... ကွယ်။
သို့သော်လည်းလေ
**အခြေအနေကို သုံးသပ်**
**(မှန်မှန်ကန်ကန်)**
**ဆုံးဖြတ်တတ်ဖို့တော့လိုတယ်။**
..........................................................................................................

ခင်ရယ် ...

မိဘဆိုတာ သားသမီးကို
ဆင်စီးမြင်းရံတာပဲ မြင်ချင်တယ်
ကြီးပွားချမ်းသား ကောင်းစားစေချင်တယ် ဆိုတဲ့
အယူအဆဟောင်းကြီးကို အကောင်းထင်ပြီး
သူမြင်သူထင်တာတွေ ဖွတ်အဓမ္မလုပ်တတ်တဲ့
လူကြီးမိဘတွေကြောင့်
အချစ်ကို တန်ဖိုးထားတတ်ကြတဲ့
လူငယ်တွေရဲ့ဘဝတွေ မျှော်လင့်ချက်တွေ
ဘယ်လောက်တောင် ဆုံးရှုံးခဲ့ကြပြီလဲ မသိဘူးနော်။
**ရှင်မွေးနွန်းနဲ့ မင်းနန္ဒာအဖြစ်မျိုး**
**ရိုမီယိုနဲ့ ဂျူးလီယက်အဖြစ်မျိုး**
**မောင်တို့ လက်ထက်မှာမဖြစ်အောင်**
**ကြိုးစားကြမယ်နော်။**
.........................................................................................

ခင် ...

**အချစ်နဲ့ဘဝဟာ**
**ဒင်္ဂါးပြားပေါ်က**
**ခေါင်းနဲ့ပန်းပါပဲကွယ်။**
ခွဲလို့မရပေမယ့်
တွဲဖို့ကြတော့ခက်တယ်။
..........................................................................................

ခင် ...

ဆင်ဖြူတော် လှူမိလို့
ပြည်သူတွေက စိတ်ဆိုးပြီး
ထီးနန်းစွန့်စေခဲ့တဲ့
ဝေဿန္တရာမင်းကြီးနောက်ကို
သားသမီးနှစ်ယောက် လက်ဆွဲပြီး
မခွဲမခွာလိုက်ပါရစေလို့
ငိုယိုတောင်းပန်ခဲ့တဲ့ မဒ္ဒီဒေဝီရဲ့အချစ်။
ဆင်ကျားမရှောင် တောတောင်ထဲလှည့်ပြီး
သားသမီးနဲ့လင်ကို
ချစ်ခင်ကြင်နာစွာနဲ့ သစ်သီးသစ်ဥတွေ
ရှာဖွေကျွေးခဲ့တဲ့ မဒ္ဒီဒေဝီရဲ့ သစ္စာ။
ဒါနပါရမီအလို့ငှာ
**သားသမီးရတနာကို**
**ဇူဇကာလက်ထဲ ဝကွက်လှူလိုက်တဲ့**
**ဝေဿန္တရာမင်းကြီးကို**
**နာကြည်းမုန်းတီးခြင်းမရှိဘဲ**
**ရင်ကွဲခံ ပါရမီဖြည့်ခဲ့တဲ့**
**မဒ္ဒီဒေဝီရဲ့ မေတ္တာဟာ**
**စံထားစရာပါ ... ခင်။**
................................................................................

ခင်ရယ် ...

**ပေးဆပ်တဲ့မေတ္တာနဲ့**
**ဘာမဆိုအလိုကျ**
**သခင့်ဆန္ဒဖြည့်ပါရစေ**
**ကျေနပ် ... နေမယ်နော်။**

............................................................................................

ခင် ...

အေးအတူ ပူအမျှဆိုပေမယ့်
ဒုက္ခကို မဝေငှချင်တဲ့
ဘုရင်ဝေသန္တရာက
ဇနီးမယား သမီးသားကို
သူ့မိဘတွေနဲ့ ထားခဲ့မယ်ဆိုတာ
မချစ်လို့ မဟုတ်ပါဘူးကွယ်။
ကြမ်းတမ်းတဲ့ တောလမ်းမှာ
မောပန်းနွမ်းနယ်ကြမှာစိုးလို့ပါ။
ဝေနေယျသတ္တဝါတွေကို ကယ်တင်ဖို့
ဒါနပါရမီဖြည့်မယ်ဆိုပြီး
သမီးသားနဲ့ ဇနီမယားကို
လှူခဲ့တာလည်း ရက်စက်တယ်လို့မထင်ပါနဲ့။
**တစ်ခါတစ်ရံမှာ**
**ယောကျ်ားကောင်း ယောကျ်ားမြတ်တွေဟာ**
**အများအကျိုးအတွက်ဆိုရင်**
**သူ့အသက်တောင် စွန့်ဖို့ဝန်မလေးဘူးဆိုတာ**
**ခင် သိမှာပဲ ထင်ပါရဲ့။**

..............................................................................................................

ခင် ...

(မောင့်)ရင်ထဲက စေတနာ
(ခင့်အတွက်)ဝေဒနာဖြစ်ခဲ့ရင်
**အကြင်နာတွေပြန်တမ်းတ**
**ချစ်ခဲ့ကြတာတွေအမှတ်ရပြီး**
**လုံးဝ ... မမုန်းရဘူး .. နော်။**
..........................................................................................

ခင် ...

ဝေဿန္တရာမင်းကြီးက သားနဲ့သမီးကို ဇူဇကာပုဏ္ဏားလှူလိုက်လို့
သားသမီးတွေ ပျောက်နေတဲ့အခါ မဒ္ဒီဒေဝီက ငိုကြွေးမြည်တမ်းပြီး
ဝေဿန္တရာမင်းကြီးကို မေးသတဲ့။
ဘုရားအလောင်း ဝေဿန္တရာမင်းကြီးက
တစ်ခွန်းသောစကားကိုမျှ ပြန်မပြော ဆိတ်ဆိတ်နေတော်မူသတဲ့။
အဲ့ဒီအခါမှာ .... အကျွန်ုပ်အား အရှင့်သားသည် စကားမပြောဘဲ
ဆိတ်ဆိတ်နေသောအားဖြင့် အကျွန်ုပ်၏နှလုံးသားကို
အလွန်နာကျင်အောင် ပြုပြန်ဘိ၏။
အရှင့်သား ... အကျွန်ုပ်နှင့် ယနေ့ညဉ့်ပတ်လုံး
အကယ်၍ စကားမပြောဆိုနေတော်မူသည်ဖြစ်အံ့၊
နက်ဖြန်မိုးသောက်သောအခါ ထွက်သက်ဝင်သက်မရှိဘဲ
သေခြင်းသို့ရောက်သော အကျွန်ုပ်၏အကောင်ကိုသာ
အရှင့်သားမြင်ရတော်မူရလတ္တံ့ ... တဲ့။
သားသမီးတွေကို မမြင်မတွေ့ရလို့
နာကျင်ကြေကွဲ အောင်ဟစ်ငိုကြွေးနေတဲ့အချိန်မှာ
ချစ်လင်ကလည်း ခွန်းပါရမီကျင့်ပြီး စကားတစ်ခွန်းမှ ပြန်မဆိုတဲ့အခါ
သူချစ်တဲ့သူကို အပြစ်တင်ရန်တွေ့တဲ့ စိတ်နာစကားတွေ
တစ်ခွန်းမှ မပြောခဲ့ဘူးနော်။
**မဒ္ဒီဒေဝီလို မိန်းမသားမျိုးဟာ**
**ရှားမှ ... ရှားပါ ခင်ရယ်။**
..........................................................................................

ခင် ...

ဖဝါးမခွာ
နာရီမလစ်
အရိပ်ဖြစ်လျက်
သိပ်ချစ်တယ်နော်။
**အပြစ်မဆို**
**သူ့အလိုလိုက်ပြီး**
**သူ့အကြိုက် ဖြည့်ဆည်းပေးနေတာ**
**မေတ္တာ ပဲ မဟုတ်လား ... ကွယ်။**

...............................................................................................

ခင် ...

အနော်ရထာဘုရင်စိတ်ဆိုးပြီး
အရိန္ဒမာလှံနဲ့ပစ်ထိုးလို့
အသက်လုပြေးခဲ့ရတဲ့
ကျန်စစ်သားကို ...
အားပေးပြုစု ဂရုစိုက်ခဲ့တဲ့
မထီးတူမ သမ္ဘူလရဲ့အချစ်မျိုး
တန်ဖိုးထားထိုက်တယ် ... ခင်။
အောင်မြင်နေတုန်းက
ပျော်ရွှင်စွာ လက်တွဲပြီး
ရှုံးနိမ့်သွားတဲ့ အခါကျတော့
မသိမသာ ရှောင်ခွာသွားတဲ့
သာယာစီးချစ်သူတွေ
ဒီကမ္ဘာမြေမှာရှိနေကြလေရဲ့။
**ခင် ... ကော ဘယ်လိုချစ်သူမျိုးလဲ။**
**သမ္ဘူလလို အချစ်မျိုးနဲ့**
**မောင့် ... လက်ကို ခိုင်ခိုင်တွဲပြီး**
**လောကဓံကို ရင်ဆိုင်ရဲပါ့မလား။**

...........................................................................................

ခင် ...

တစ်ယောက်ဆိုတစ်ယောက်
ပိတောက်ဆိုပိတောက်ဆိုပြီး
သစ္စာမဖောက်ကြေး
ကတိတွေပေးထားပြီးမှ
**(မောင့်ထက်) အစစ အရာရာ သာတဲ့သူတွေလို့**
**ယူသွားပြီဆိုပါစို့။**
**စိတ်တိုရမှာလား**
**နားလည်ခွင့်လွှတ်ရမှာလား။**
ခင်ဆိုရင်
ဘာဖြစ်စေချင်မလဲ ...။
..................................................................................

ခင် ... ရယ် ...

ပဲခူးကို ဂျွမ်းစစ်သည်တွေရန်က ကာကွယ်ပေးလို့
ကျေးဇူးတင်တဲ့အနေနဲ့ ပဲခူးဘုရင်က သူ့သမီး မဏိစန္ဒာခင်ဦးကို
အနော်ရထာဘုရင်ထံ ဆက်သလိုက်သတဲ့။
ပဲခူးနဲ့ပုဂံကြားမှာ ကျန်စစ်သားနဲ့ခင်ဦးတို့ နှလုံးသာချင်း စကားပြောကုန်ကြသတဲ့။
ခင်ဦးက သူရဲကောင်းကျန်စစ်သားကို ချစ်မိတာအပြစ်လား။
ကျန်စစ်သားကလည်း ချောမောလှပတဲ့ ခင်ဦးကို ချစ်မြတ်နိုးမိတာ အပြစ်လား။
ဒါပေမယ့် ဘုရင်အတွက် ဆက်သလိုက်တဲ့ ပစ္စည်းမို့ ကျန်စစ်သားကို ကြိုးနဲ့တုပ်ပြီး
အရိန္ဒမာလှံနဲ့ ပစ်ထိုးလိုက်သတဲ့။ လှံက ကြိုးကိုသာထိပြီး ကြိုးပြတ်သွားလို့
ကျန်စစ်သား ထွက်ပြေးလွတ်မြောက်သွားပါတယ်။
နောင်အခါ ကျန်စစ်သားဟာ ပုဂံဘုရင်အဖြစ် ဘိသိက်ခံတဲ့အခါ
သူ့ရဲ့ငယ်ချစ်ဦး မဏိစန္ဒာခင်ဦးကို မိဖုရားကြီးအရာပေးပြီး ချစ်ကြွေးဆပ်ခဲ့သတဲ့။
**နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပေမယ့် ငယ်ချစ်ဦးကို မမေ့ဘဲ**
**ပြန်ပေါင်းထုပ်ခဲ့တဲ့ ကျန်စစ်သားရဲ့ အချစ်ဟာ**
**ချီးကျူး လေးစားထိုက်တယ်နော်။**
.............................................................................................................

ခင် ...

**ငယ်ကအချစ်**

**အနှစ်တရာ**

**မမေ့သာတဲ့။**

ဘာပဲဖြစ်ဖြစ်

အချစ်ဦးကို တမ်းတမိ

အခွင့်အရေးရှိခဲ့လို့

သတ္တိကောင်းကောင်းနဲ့

အကြောင်းဆက်ပေါင်ဖက်ရလေအောင်

ကြံဆောင်မိခဲ့ရင်

ခင် ဘယ်လိုမြင်မလဲ

ဘယ်လိုထင်သလဲ ... ကွယ်။

.......................................................................................

ခင် ...

ချစ်လို့ကျီစားမိတာ စိတ်နာစရာမြင်ပြီး
ဆဒ္ဒန်ဆင်မင်းကို သောနုတ္တရမုဆိုးလွှတ်ကာ
အရှင်လတ်လတ် အစွယ်ဖြတ်စေခိုင်းတဲ့
စူဠသုဘဒ္ဒါရဲ့အချစ်မျိုး သူမရဲ့ရန်ငြိုးဟာ
ကြောက်လန့်စရာပါ ခင်ရယ်။
စိမ်းကာမျက်ငြိုး သစ်ယောင်းခက်ချိုးသကဲ့သို့
ချစ်ကြိုးဖြတ်ဖြေ၊ သင်းသတ်ရက်လေသောကြောင့်
သင့်သက်ဝေယ်လင် ငါ ဆဒ္ဒန်ဆင်သည်
မြေတွင်တုံးလုံး မြားချက်နဲ့ ဆုံးပါပြီ။
ရွှေသုံးရံခြယ် ကြာရိပ်လယ်မှာ
ရယ်ကာမောကာ မျက်နှာငွေလ ရွှင်ပပနဲ့
ခင်မ ဝမ်းမြောက်ပါလေတော့ ဆိုပြီး
သူကိုယ်တိုင် နာနာကျင်ကျင်နဲ့ အစွယ်ဖြတ်ပေးခဲ့တဲ့အပြင်
**သူမ လိုချင်တဲ့ဆင်စွယ်မရမှာစိုးလို့**
**သောနုတ္တရမုဆိုးကို အန္တရာယ်ကင်းတဲ့လမ်းကိုပါ ပြပေးခဲ့တဲ့**
**ဆဒ္ဒန်ဆင်မင်းရဲ့ ခွင့်လွှတ်စွန့်လွှတ်ရဲ့တဲ့အချစ်ဟာ**
**အချစ်ရာဇဝင်မှာ စာတင်ထိုက်ပါတယ်။**
..............................................................................................

ခင် ...

အပြစ်တင် အပြစ်မြင်ပြီး
ချစ်ခင်လို့ရမတဲ့လားကွယ်။
အထင်သေး အမြင်သေးရင်
အချစ်နဲ့ဝေးပြီပေါ့။
**နားလည်ခွင့်လွှတ်တတ်တဲ့အချစ်နဲ့**
**အပြစ်မမြင် ချစ်ခင်ကြမယ်ဆိုရင်**
**ဒီကမ္ဘာမြေပြင်မှာ**
**ပျော်ရွှင်စရာတွေချည်း ဖြစ်မှာပါ။**
..................................................................................................

ခင်ရယ် ...

အချစ်ကြီးလို့ အမျက်ကြီးပြီး
အတိတ်ဟောင်းက ချစ်လင်ဆဒ္ဒန်ဆင်ကို
အသတ်စေခိုင်းခဲ့တဲ့ စူဠသုဘဒ္ဒါလည်း
သောနုတ္တရမုဆိုး ဆက်သတဲ့ ဆင်စွယ်ကို ရင်မှာပိုက်လို့
မုဆိုးပြန်ပြောတဲ့ ဆဒ္ဒန်ဆင်မင်းရဲ့စကားတွေ ကြားတဲ့အခါ
အတိတ်ဘဝက ချစ်ခဲ့ကြင်နာခဲ့ မြတ်နိုးခဲ့ပုံတွေကို
အရိပ်လို ပြန်မြင်ပြီး
ပူပင်လယ်ရေ လှိုင်းဖောင်ဖင်ဝေသောကြောင့်
မဖြေနိုင် မဆည်နိုင် သည်းစိုင်လောင်ခြစ်
ကျမျက်ရည်ချောင်းဖြစ်အောင် အော်ဟစ်ရှိုင်ဆဲမှာ
ရင်ကွဲနာကျ သေသွားသတဲ့
**အချစ်ကြီးလို့ အမျက်ကြီးတယ်ဆိုပြီး**
**ချစ်သူအပေါ်မှာ ရန်ငြိုးထား ကလဲ့စားချေတတ်တဲ့**
**စူဠသုဘဒ္ဒါရဲ့အဖြစ်ကို**
**သင်ခန်းစာယူကြရအောင်ပါကွယ်။**
..................................................................................................

ခင် ...

အချစ်ကြီးလို့ အမျက်ကြီးတယ်ဆိုပြီး
နာကြည်းမုန်းတီးမှုတွေနဲ့
**ကိုယ်ချစ်ခဲ့တဲ့သူကို**
**သူ့အကျိုးစီးပွားပျက်ပြားအောင်**
**ကလဲ့စားချေတာ တရားသလားဟင်။**
မှားတယ်လို့ကော ... ထင်သလား။
..............................................................................................

ခင် …

မြင်မြင်ချင်း မဟောသဓာသတို့သားက
လက်သီးဆုပ်ပြတာကို
ဘာမေးသလဲဆိုတာသိပြီး
လက်ဝါးပြန်ဖြန့်ပြနိုင်တဲ့
အမရာဒေဝီရဲ့ ပညာစွမ်းကတော့
အံ့ … မခန်းပါခင်။
လက်သီးဆုပ်ပြတဲ့သဘောက
ကာမပိုင်လင်ယောကျ်ားရှိသလားလို့ မေးတာ။
လက်ဝါးပြန်ဖြန့်ပြတာက
မရှိသေးဘူးလို့ ပြန်ဖြေတာ။
ကဲ … ဘယ်လောက် တန်ဖိုးရှိလိုက်တဲ့ အဖြေလဲ။
**ဒီလိုမျိုး ဉာဏ်ပညာရှိပြီး**
**ရဲရင့်တဲ့ မိန်းမမျိုးကို**
**ယောကျ်ားတွေက တန်ဖိုးထား**
**လေးစားတတ်ကြတာ အမှန်ပဲ။**
………………………………………………………………………………

ခင် …

**ရင်ထဲမှာ စေတနာ**
**ပညာကလည်းရှိ**
**သတ္တိကလည်းကောင်း**
**အကြင်နာထပ်ဆင့်လောင်းရင်**
**မိန်းမကောင်းလေးပေါ့နော်။**
………………………………………………………………………………

ခင် …

အမရာသူဌေးသမီးက မဟောသဓာသုခမိန်ကို
အရှင် အကျွန်ုပ်တွင်ပါသော ဤယာဂုကို
အရှင့်အားဆက်လျှင် သုံးဆောင်တော်မူပါမည်မသိ …လို့
အချစ်ကြောင့်ဖြစ်ပေါ်လာတဲ့
စေတနာသဒ္ဒါစိတ်တွေ ယိုဖိတ်ပြီး
မရှိ … ရှိတာလေး ကျွေးချင်လို့ မဝံ့မရဲမေးတဲ့အခါ
အဘယ်ယုတ်မြတ် ဆိုးကောင်းဟူသည်
စားဖွယ်သောက်ဖွယ်တို့၌ ပဏာမ မဟုတ်
ယုတ်ညံ့သော အဝတ်အစားဖြစ်စေကာမူ
ချစ်ကြင်နာသူပေးက လေးမြတ်ထိုက်လှပေသည်ဖြစ်လျှက်
အသက်ကိုနှင်းရမည့်သူ သင်သို့စဉ်လျှင်
ကြင်နာမြတ်လေး၍ ပေးကျွေးပေသည်ကို
အဘယ်ကြောင့် မသုံးဆောင်ချင်ရှိအံ့နည်း … တဲ့။
ကောင်းလိုက်တဲ့ စကားလေးနော်။
**မြင်မြင်ချင်းချစ်ခဲ့ကြတဲ့**
**မဟော်သဓာနဲ့ အမရာဒေဝီတို့ရဲ့**
**ချစ်ခြင်းမေတ္တာတရားဟာ**
**အားကျကြည်နူးစရာ အလွန်ကောင်းပါရဲ့ … ခင်။**
……………………………………………………………………………………

ခင် …

ကြင်နာမြတ်လေး
သူကပေးလျှင်
ဘာဆိုဘာမျှ
မငြင်းရဘူး။
**တန်ဖိုးရှိရှိ မရှိရှိ**
**သူ၏ စေတနာ**
**မေတ္တာပါ၏။**
ဝမ်းသာစွာနဲ့ လက်ခံပါ။
………………………………………………………………………………………

ခင် ...

မဟောသဓာသုခမိန်ဟာ အမရာဒေဝီကို
အပ်ချုပ်သမားယောင်ဆောင်ပြီး ပိုးပန်းခဲ့တာပါ။
သူ့မိဘအိမ်ကို သွားပြီး အပ်ချုပ်သမားအသွင်နဲ့
အဲ့ဒီအိမ်မှာ နှစ်ရက် သုံးရက်ပတ်လုံး နေခဲ့သတဲ့။
တစ်ရက်မှာ ဆန်တစ်ခွက်ကို မုန့်ကြွပ်၊ ယာဂု၊ ထမင်း
ဤသုံးမျိုးရအောင်ချက်ပါလို့ မဟောသဓာက
အမရာဒေဝီကို ခိုင်းသတဲ့။
အမရာရဲ့ ယာဂုဟာ လျှာကြောစိမ့်မျှကောင်းပေမယ့် ...
မဟောသဓာက မကောင်းဘူးဆိုပြီး မြေပေါ်ကိုထွေးပစ်သတဲ့။
အမရာဒေဝီက အမျက်ဒေါသမရှိဘဲ မုန့်ကြွပ်ကိုကျွေးပြန်တယ်။
ထုံးစံအတိုင်း မဟောသဓာက မကောင်းပြောပြီး ထွေးပစ်ပြန်တယ်။
အဲ့ဒီအခါမှာ ... မဟောသဓာက ယာဂု၊ မုန့်ကြွပ်၊ ထမင်း သုံးမျိုးကို
တစ်ပေါင်းတည်းနယ်ပြီး အမရာ ဦးခေါင်းမှစ ကိုယ်အလုံးကို
သွန်းလောင်းလိမ်းကျံပြီး
သင် အခုသွား ... တံခါးဝမှာ နေချေ ဆိုပြီး
မပိုင်မီက နိုင်သံနဲ့ဆိုခဲ့တယ်။
အမရာက အရှင်ကောင်းပါပြီ၊ နေစေချင်နေပါ့မယ် တဲ့။
**ချစ်တဲ့သူအပေါ်မှာ မျက်မာန်မရှိတဲ့ အမရာလို**
**မိန်းမကောင်း မိန်းမမြတ်မျိုးကို**
**ယောကျ်ားတိုင်းက တန်ဖိုးထားကြမှာပါ။**

..........................................................................................

ခင် ...
မာန်မာနကင်း
စိတ်ရင်းကောင်းသူကို
လိုလားချစ်ခင်
တွယ်တာချင်ကြတာ
သဘာဝပဲမဟုတ်လား ... ကွယ်။
ခင် ... လည်း
**မာန်မာနကင်း**
**စိတ်သန့်ရှင်း**
**အပြစ်ကင်းပါစေ။**
**..................................................................................**

ခင် ...
မဟောသဓာသုခမိန်က အမရာဒေဝီကို တံခါးမှူးအိမ်မှာထားခဲ့ပြီး
လုလင်မင်းချင်းတွေကို အသပြာတစ်ထောင်ထုပ်ပေးပြီး ဖျားယောင်း
သွေးဆောင်ခိုင်းသတဲ့။
ဤငွေထုပ်သည် ကျွန်ုပ်လင်၏ ခြေဖဝါး၌ကပ်သော မြူလုံးလောက်မျှ အဖိုးမထိုက် ဆိုပြီး
ငြင်းသတဲ့။
ပထမအကြိမ်၊ ဒုတိယအကြိမ်၊ ငြင်းခဲ့တယ်။
တတိယအကြိမ်ကျတော့ မလိုက်တဲ့အတွက် မင်းအာဏာနဲ့ လက်ဆွဲခေါ်ခဲ့ကြရသတဲ့။
လင့်အပေါ် အင်မတန် သေစ္စာရှိတဲ့ မိန်းမမြတ်ပါပဲ။
အဲ့ဒီလိုမိန်းမမြတ်မျိုးကို မဟောသဓာသုခမိန်က ရက်ရက်စက်စက် စမ်းသပ်ခဲ့တယ်လို့ ...
ခင် ထင်ချင်ထင်မှာပဲနော်။ တလွဲမထင်ပါနဲ့ ခင် ... ရယ်။
မဟောသဓာသုခမိန်ဟာ ဘုရင်ရဲ့အတိုင်ပင်ခံ အမတ်ကြီးလေ။
တစ်တိုင်းပြည်လုံး အရေးကို စဉ်းစားတွေးတောပြီး အကြံဉာဏ်တွေ ပေးနေရတဲ့
ပညာရှိသုခမိန်ရဲ့ဇနီးဟာ သာမန်ခပ်ချာချာ မိန်းမဖြစ်နေလို့ မရဘူးလေ။
**ဘယ်လိုပဲချစ်ချစ် တန်ဖိုးထားအပ်တဲ့ မိန်းမဖြစ် မဖြစ်ကိုတော့**
**ယောကျ်ားကောင်း ယောကျ်ားမြတ်တွေကစမ်းသပ် ယူကြစမြဲပဲခင်။**
အစမ်းသပ်မခံနိုင်တဲ့ မိန်းမတွေကတော့ သာမန်ချစ်တတ် ခင်တတ်ကြတဲ့
ယောကျ်ားမျိုးတွေနဲ့ပဲ ခပ်လွယ်လွယ် ရကြမှာပဲပေါ့။
**တန်ဖိုးရှိတဲ့သူတွေလိုချင်ရင်တော့ အစမ်းသပ်ခံရမှာပဲ ခင်။**
**..................................................................................................................**

ခင် ...

မိန်းမပြတ် မိန်းမကောင်းဆိုတာ
ဘယ်လိုအကြောင်းပြချက်နဲ့မှ
**ကိုယ့်အသက်လောက် ချစ်ပါတယ်ဆိုသူကို**
**လက်တွဲဖြုတ် နောက်ဆုတ်ခွင့်မရှိတာ**
**ခင် ... သိမှာပါနော်။**

..........................................................................................................

ခင်

အမရာဒေဝီကို အတင်းလက်ဆွဲပြီး မဟောသဓာဆီခေါ်သွားတော့
ကြီးမြင့်တင့်တယ်နေတဲ့မင်းသာကို သူ့လင်မှန်းမသိရှာတဲ့
အမရာဒေဝီဟာ ပြုံးရယ်ခြင်း၊ ငိုကြွေးခြင်းကို ပြုသတဲ့
မဟောသဓာက ငါ့ကိုကြည့်ပြီး ဘာကြောင့်ရယ်ယောင်၊ ငိုယောင်ပြုဘိသနည်း လို့ မေးသတဲ့။
အမေရာဒေဝီက ဒီလို ပြန်ဖြေခဲ့တဲ့။
ဤလိုစည်းစိမ်ကို မမြင်စဖူး မြင်ရတဲ့အတွက် ပြုံးသတဲ့.
ဤလိုစည်းစိမ်ရှင်က လင်ရှိမယားကို သိမ်းပိုက်ဖို့ကြံတဲ့အတွက်
နောင်သံသရာအတွက် သနားပြီး ငိုခြင်းဖြစ်သတဲ့။
**ယောက်ျားကလွဲ ဖွဲ၊ဆန်ကွဲထင်တဲ့ အမရာဒေဝီရဲ့**
**မင်းသားအပေါ် ငြင်းလိုက်တဲ့ အကြောင်းပြချက်လေးက လှလိုက်တာနော်။**
တော်ရုံမိန်းမဆိုရင် စည်းစိမ်ကို မက်လိုပဲဖြစ်ဖြစ်၊ ဒုက္ခရောက်မှာ ကြောက်လို့ပဲဖြစ်ဖြစ်
မင်းသားအလိုကို လိုက်မိမလားမသိ
အမရာဒေဝီဟာ ဒီလိုမိန်းမမျိုး မဟုတ်ဘူးဆိုတာ
ခင် ... သိပြီပေါ့နော်။

.....................................................................................................................

ခင် ...

ဥစ္စာစည်းစိမ်မက်လို့
ကတိတွေဖောက်ဖျက်
စိတ်ယောက်ယက်ခတ်တဲ့ သူဟာ
သူ့လိပ်ပြာသူ လန့်
စိတ်မသန့်နိုင်ဘူး ထင်ပါရဲ့။
စိတ်သန့်လို့ သူပျော်
ခေါင်းမော်နေတယ်ပဲ ထားဦး။
**သစ္စာပျက်ယွင်း**
**မိန်မပျက်စာရင်းမှာ**
**ထည့်သွင်းခံရမှာတော့ အသေအချာပါပဲ။**
.....................................................................................

ခင် ...

ဥမ္မာဒန္တီဇာတ် ဖတ်ဖူးမှာပေ့ါနော်။
အင်မတန်လှတဲ့ ဥမ္မာဒန္တီကြောင့် သီဝိမင်းကြီးရူးရတဲ့ ဇာတ်လေ။
ဥမ္မာဒန္တီဟာ အလွန်လှတဲ့အတွက် သီဝိမင်းကို ဆက်သ သတဲ့။
သီဝိမင်းက ပညာရှိပုဏ္ဏားတွေကို လွှတ်ပြီး သင့် မသင့်ကြည့်ခိုင်းသတဲ့။
ပုဏ္ဏားတွေက ဥမ္မာဒန္တီအလှမြင်ရတာကြောင့် ဣန္ဒြေပျက်ပြီး အိမ်အပြင်နှင်ထုတ်ခံခဲ့ရတယ်။
အဲ့ဒါကို အငြိုးထားပြီး မမှန်သတင်းပို့ခဲ့ကြတယ်။
ပုဏ္ဏားတွေရဲ့စကားယုံပြီး မင်းကြီးက ငြင်းခဲ့သတဲ့။
အဲ့ဒါကို ဥမ္မာဒန္တီက မခံချင်စိတ်နဲ့ သီဝိမင်းကြီး တိုင်းခန်းလှည့်လည်လာတော့
လေသွန်တံခါးကိုဖွင့်ပြီး ပန်းကြဲဟန်ပြုကာ သူမရဲ့အလှကို ပြခဲ့သတဲ့။
သီဝိမင်းကြီးဟာ ဥမ္မာဒန္တီအလှကိုမြင်ပြီး အစွဲလမ်းကြီးစွဲလမ်းကာ
တိုင်းခန်းမလှည့်နိုင်ဘဲ နောက်ကြောင်းပြန်ခဲ့ရသတဲ့။
စုံစမ်းကြည့်တော့ သူငြင်းပယ်ခဲ့တဲ့ ဥမ္မာဒန္တီဟာ အဘိပါရကစစ်သူကြီးရဲ့မိန်းမဖြစ်နေသတဲ့။
မင်းကြီးဟာ ဥမ္မာဒန္တီရဲ့မခံချင်စိတ်နဲ့ ပညာပြလိုက်တဲ့ ဒဏ်ကို ရေရေလည်လည် ခံခဲ့ရှာတယ်။
**လှပတဲ့မိန်းမတွေရဲ့ မခံချင်စိတ်ဟာ ကြောက်ဖို့ကောင်းမှန်း မောင် သိသွားပြီ။**
**ခင်ကတော့ ဒီလိုမျိုးလုပ်မှာ မဟုတ်ဘူး ထင်ပါရဲ့။**
..........................................................................................................

ခင် …
မိန်းမတစ်ယောက်ရဲ့အလှ
ဘ၀တစ်ခုရဲ့ခွန်အား
တွန်းအားလည်းဖြစ်နိုင်တယ်။
မိန်းမတစ်ယောက်ရဲ့အလှ
ဘ၀တစ်ခုရဲ့ဆုံးရှုံးမှု
ဖျက်ဆီးမှုလည်း ဖြစ်နိုင်တယ်။
**လှပတဲ့မိန်းမတစ်ယောက်ဟာ**
**ကြောက်စရာလုံးလုံး**
**အသုံးလည်း တကယ်ပြုလို့ရတဲ့**
**အနုမြူစွမ်းအား**
**ပိုင်ထားသလိုပါပဲကွယ်။**
………………………………………………………………………………………

ခင် …
ဉမ္မာဒန္တီရဲ့နောက်ဆက်တွဲဇာတ်လမ်းလေးကို ခင် သိချင်သိဦးမှာပါ။
သိဝိဘုရင်ကြီး ဉမ္မာဒန္တီကြောင့် မစားနိုင် မအိပ်နိုင် တမှိုင်မှိုင်တတွေတွေ
ဖြစ်နေတာသိရတော့ ဘုရင်ကြီးရဲ့လက်ရုံး အဘိပါရက စစ်သူကြီးဟာ
အခြေအနေအရပ်ရပ်ကို စဉ်းစားပြီး သူ့မိန်းမကို ဘုရင်အား ပြန် ဆက်သခဲ့သတဲ့။
ကိုယ့်မိန်းမကို သူတစ်ပါးပြန်ပေးဖို့ ကြံစည်တဲ့ အဘိပါရကစစ်သူကြီးကို
ရက်စက်လိုက်တာလို့ မထင်နဲ့နော်။
ဘုရင် ဒီလိုဖြစ်နေရင် တိုင်းပြည်အုပ်ချုပ်ရေးမှာ လစ်ဟာပြီး ပြည်သူတွေ
ဒုက္ခရောက်မှာစိုးလို့ သူ့တိုင်းပြည် သူ့ပြည်သူ သူချစ်တဲ့ အရှင်သခင်အတွက်
သူ အင်မတန်ချစ်တဲ့ ဇနီးမယားကို ပြန်ဆက်သဖို့ ကြံစည်ခဲ့တာပါ။
မချစ်လို့ မဟုတ်ပါဘူး …. ခင်ရဲ့။
**တစ်ခါတစ်လေမှာ ယောကျ်ားကောင်း ယောကျ်ားမြတ်တွေဟာ**
**သူ့တိုင်းပြည် သူ့လူမျိုး သူ့အရှင်သခင်အတွက်**
**သူ့ အသက်နဲ့ သူ့ကိုယ်ကျိုးစီးပွားကို စွန့်လွှတ်ဖို့**
**အမြဲ အဆင်သင့်ရှိနေတတ်တာ ခင် … သိမှာပါနော်။**
**အဘိပါရကလို သတ္တိရှိပြီး စဉ်းစားမျှော်မြင်တတ်တဲ့**
**ယောကျ်ားမြတ်တွေရဲ့ အသည်းနှလုံးကို**
**ခင်မြင်အောင် ကြည့်တတ်စေချင်ပါတယ်။**
…………………………………………………………………………………………

ခင် …

**သူ့တိုင်းပြည် သူ့လူမျိုး**

**သူ့ကိုယ်ကျိုးကို စွန့်လွှတ်**

**နောက်မတွန့်ဘဲလုပ်တတ်တာ**

**ယောက်ျားမြတ်တွေပါ။**

သူတို့လို လူမျိုးကို

အဆိုးမဆိုဘဲ

အကျိုးတူပူးပေါင်း

ချစ်ဖို့ကောင်းပါတယ်။

………………………………………………………………………………………………

ခင် …

ဥမ္မာဒန္တီရဲ့တဒင်္ဂအလှအပကိုမြင်ပြီး အရူးအမူးစွဲလမ်းခဲ့တဲ့

သီဝိဘုရင်ဟာလည်း ခပ်ညံ့ညံ့တော့ မဟုတ်ပါဘူးကွယ်။

မိန်းမတွေရဲ့မာယာမှာ ဆေးမိသလို နစ်မြောသွားပေမယ့်

အချိန်မီ သူ့ကိုယ်သူ ပြန်ကယ်တင်နိုင်ခဲ့ပါတယ်။

အဘိပါရက စစ်သူကြီးက ဥမ္မာဒန္တီကို ပြန်ဆက်သပေမယ့်

လက်မခံတော့ဘဲ ကိုယ့်အသိနဲ့ ကိုယ် ပြန်ထိန်းခဲ့တယ်လေ။

**လှပတဲ့မိန်းမတွေရဲ့ မာယာပရိယာယ်ကို**

**တဒင်္ဂအတွင်းမှာ ရှောင်နိုင်တိမ်းနိုင် ခုခံနိုင်တဲ့**

**ယောက်ျားမျိုး အင်မတန်ရှားပါးပါတယ်။**

**အဲ့ဒီလိုမိန်းမမျိုးနဲ့ တွေ့ခဲ့ရင် ယောက်ျားတွေဟာ**

**တစ်ကွေ့မဟုတ် တစ်ကွေ့မှာတော့ ခံကြရတာချည်းပါပဲ။**

ဒါပေမယ့် …

ယောက်ျားပီသတဲ့ယောက်ျားတွေကတော့ မိန်းမတစ်ယောက်ကြောင့်

ဘယ်တော့မှ ဘဝပျက်ခံကြမှာ မဟုတ်ပါဘူး။

တဒင်္ဂ ကြေကွဲခံစားသွားကောင်း သွားမယ်။

ဒါပေမယ့် …

သူ့အလုပ်၊ သူ့ရည်မှန်းချက်၊ သူ့တာဝန်တွေကို အချိန်မကြာခင်မှာဘဲ

ပုံမှန်ပြန်လုပ်ကိုင်နိုင်စွမ်း ရှိကြပါတယ်။

အဲ့ဒီလို ယောက်ျားမျိုးတွေလည်း ရှိတယ်ဆိုတာ

ခင့် … ကို သိစေချင်ပါတယ်။

ခင် ...

မိန်းမမာယာ
သဲကိုးဖြာဆိုပြီး
ဘာညာ ဘာညာနဲ့
ရန်ရှာပြီးပြောတာတော့ မဟုတ်ပါဘူး။
ဒါပေမယ့် ...
**နဖူးတွေဒူးတွေမှာ**
**မူးမေ့သွားအောင်**
**ဖြားယောင်းနိုင်တာတော့ အမှန်ပဲ။**
..........................................................................................................

ခင် ...

ဥမ္မာဒန္တီကို အရူးအမူးစွဲလမ်းပြီး တိုင်းခန်းဆက်မလှည့်နိုင်တော့တဲ့
သီဝိမင်းကြီးရဲ့အဖြစ်ကို သူ့စစ်သူကြီးက သိတဲ့အခါ
သူ့မိန်းမရဲ့အလှကို မြင်သွားလို့ပဲဖြစ်မယ်ထင်ပြီး အိမ်ကို အလျင်အမြန်ပြန်ခဲ့သတဲ့။
အိမ်ရောက်တော့ ရွှေနားကပ်ပြီး၊ ပါးအပ်ပြီးကာ သာယာချိုအေး ချော့ကာမေးသတဲ့။
အဲ့ဒီအခါမှာ ဥမ္မာဒန္တီက သူ့မှာ အပြစ်မရှိဘူး။
သူ့ယောက်ျားကလွဲလျှင် သိကြားမင်းတောင် စိတ်မကူးဘူးလို့ ဖြေသတဲ့။
ဥမ္မာဒန္တီဟာ သူမရဲ့မိန်းမမာနကို လာထိခိုက်လို့သာ သူမရဲ့ အလှကို
လင်ယောက်ျား တားမြစ်နေတဲ့ကြားက သီဝိမင်းကြီးကို ထွက်ပြလိုက်မိပေမယ့်
သူ့ယောက်ျားအပေါ်မှာတော့ သစ္စာရှိပါတယ်။
ဒါပေမယ့် ... ခင်ရယ် ...
**အရည်အချင်းရှိပြီး အားကိုးအားထားပြုလောက်တဲ့**
**လင်ယောက်ျားတားမြစ်တဲ့ စကားကိုတော့ နားထောင်သင့်တာပေါ့။**
**မတော်တဆ သီဝိမင်းကြီးက မင်းအာဏာနဲ့အတင်း**
**သိမ်းပိုက်ခဲ့ရင် ဘယ်နယ့်လုပ်မလဲ။**
**ရှင်ကွဲမကွဲ သေကွဲကွဲ ကြုံရတော့မှာပေါ့။**
**သင်ခန်းစာ ယူသင့်တယ်နော်။**
...........................................................................................

ခင် ...

**ချစ်ကြင်မြတ်နိုး**
**အားကိုးရသူရဲ့စကား**
**တန်ဖိုးထားသင့်တယ်။**
အဆိုးအကောင်း
အကျိုးအကြောင်းကို
ပိုင်းခြားဆုံးဖြတ်
ဝေဖန်တတ်အောင်
လမ်းပြဆောင်တဲ့
မောင် ဟာ ကြယ်တစ်ပွင့်
ခင် ... သိသင့်ပါတယ်။
.........................................................................................

ခင် ...

မြန်မာရာဇဝင်မှာ တော်လေးဝဝင်တဲ့ သစ္စာရှိတဲ့
မိန်းမမြတ်လေးဦး ရှိခဲ့သတဲ့။
အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘုလ လို့ ဆိုတယ်။
အဲ့ဒီလေးဦးထဲက အမရာနဲ့ မဒ္ဒီအကြောင်း ခင်သိပြီပေါ့နော်။
စန္ဒကိန္နရီဆိုတဲ့ မိန်းမမြတ်အကြောင်း ပြောရဦးမယ်။
တစ်နေ့မှာ ဗာရာဏသီမင်းဟာ တောထဲမှာ စန္ဒကိန္နရီ လင်မယားကို
တွေ့ပြီး စန္ဒကိန္နရီကို နှစ်သက်ခဲ့သတဲ့။
အဲ့ဒါကြောင့် လင်ကို လေးနဲ့ပစ်ပြီး
မယားကို ချစ်ကြိုက်စကားဆိုခဲ့သတဲ့။
ကိန္နရီမလည်း ဖျားယောင်းသည်ကို လက်မခံပဲ
နတ်တို့ကို တိုင်ကြားသဖြင့်
သိကြားမင်း လာကယ်ရတယ်လို့ ဆိုတယ်။
**ဘုရင်တစ်ယောက်လုံးက သူ့အာဏာ သူ့ဥစ္စာစည်းစိမ်တွေနဲ့**
**ဖျားယောင်းခဲ့တာတောင် သေသွားတဲ့ သူ့ယောက်ျားအပေါ်**
**သစ္စာစောင့်သိခဲ့တဲ့ စန္ဒကိန္နရီလို အချစ်မျိုးက ရှားပါးတယ်။**
စန္ဒကိန္နရီဟာ အားမတန်မာန်လျှော့ပြီး ကိုယ်မချစ်တဲ့သူရဲ့
ရင်ခွင်ထဲကိုဝင်သွားမယ့် မိန်းမစားမျိုး မဟုတ်ဘူးနော်။
စည်းစိမ်ဥစ္စာအာဏာကိုမက်ပြီး လင်ကိုသစ္စာဖောက်မယ့်
မိန်းမမျိုးလည်း မဟုတ်ဘူးဆိုတာ ခင့် ... ကို ပြောပြချင်လိုက်တာ။
.........................................................................................

ခင် ....

ချစ်သူနှစ်ဦးကြားမှာ

စိမ်းကားသွားအောင်

ဘာတွေက လုပ်ဆောင်နိုင်ပါသလဲ။

**အလေးမထားအပ်တဲ့**

**ဘေးစကားရပ်တွေကို**

**ယုံမှတ်စိတ်ထား**

**သံသယပွားများခြင်းပေ့ါကွယ်။**

..........................................................................................

ခင် ...

တော်လေးဝ ဝင်တဲ့ မိန်းမမြတ် စန္ဒကိန္နရီမဟုတ်တဲ့

နောက်ကိန္နရီနဲ့ သူ့ယောကျ်ား ကိန္နရီအကြောင်းကို ပြောပြရဦးမယ်။

သူတို့နှစ်ဦးဟာ သိပ်ချစ်ကြတာတဲ့။

တစ်ယောက်နဲ့ တစ်ယောက်မျက်စိအောက်က

အပျောက်မခံနိုင်လောက်အောင် ချစ်ကြသတဲ့။ သဲတယ်နော်။

စားလည်းအတူ သွားလည်းအတူ မခွဲမခွါနေခဲ့ ကြသတဲ့။

သိပ်ကြင်နာကြတယ်နော်။

တစ်နေ့တော့ လေပြင်းမုန်တိုင်းကြီး တိုက်သတဲ့။

နှစ်ယောက်သား လွင့်စင်ထွက်သွားပြီး တစ်ယောက်နဲ့တစ်ယောက် ကွဲကွာသွားကြသတဲ့။

သူတို့နှစ်ဦးကြားမှာ ချောင်းခြားလို့ နေသတဲ့။ သနားစရာနော်။

မုန်တိုင်းတိုက်လို့ ခွဲခွါသွားတာ တစ်ညပဲကြာပါတယ်။

ဒါပေမယ့် ပြန်တွေ့တဲ့အချိန်မှာ ကွဲကွာခဲ့တဲ့ တစ်ညအတွက်

လွမ်းဆွတ်တသပြီး ငိုလိုက်ကြတာ နှစ်ပေါင်း ၇၀၀ တောင်ကြာသတဲ့။

အင်မတန်အချစ်ကြီးခဲ့ကြတဲ့ ချစ်သူနှစ်ဦးရဲ့အဖြစ်ဟာ အံ့သြစရာပဲနော်။

စံပြုလိုက်တယ်လို့ကော မထင်ဘူးလာဟင်။

တစ်ယောက်နဲ့တစ်ယောက်ခွဲရမှာကို သေမလောက်ကြောက်တဲ့

အချစ်မျိုးနဲ့ ချစ်ကြရအောင်ပါ။

**ကိန္နရီ၊ ကိန္နရာမောင်နှံတို့ကို မယှဉ်နိုင်ပေမယ့်**

**အင်မတန်ချစ်ခင်ကြတဲ့ ချစ်သူတွေအဖြစ်**

**တစ်သက်လုံးချစ်သွားချင်တယ် ခင် ... ရယ်။**

..................................................................................................

ခင် ... ရယ်

**တစ်ညဝေးတာကို**
**နှစ်ပေါင်း ၇၀၀ ဆွေးရတယ်တဲ့။**
ကိန္နရီဇာတ်
မောင် ဖတ်ဖူးတယ်။
သိပ်ချစ်တတ်ကြတာပဲနော်။
သူတို့ကို အတုယူပြီး
ဘယ်သူဖျက်ဖျက်
မပျက်ဘဲ ချစ်ခင်
ကြင်နာချင်လိုက်တာ။
..............................................................................................................

ခင် ...
တော်လေးဝဝင်တဲ့ မိန်းမမြတ်လေးဦးထဲက သမ္ဘူလအကြောင်း ပြောရဦးမယ်။
သမ္ဘူလဆိုတာ ဗာရာဏသီမင်းကြီးရဲ့သား သောတ္ထိသေန၏ မိဖုရားဖြစ်တယ်။
သောတ္ထိသေနမင်းသားဟာ ကုဋ္ဌနူနာစွဲလို့ တောသို့ထွက်နေရတဲ့အခါ
ယောကျ်ားနှင့်အတူ လိုက်ပါပြီး ပြုစုလုပ်ကျွေးသတဲ့။
တော်ရုံမိန်းမဆိုရင် နူနာရောဂါစွဲနေတဲ့ ယောကျ်ား စွန့်ပစ်လိုက်တော့မှာပေါ့နော်။
အဲ့ဒီလိုတောထဲမှာနေပြီး ယောကျ်ားကို ပြုစုလုပ်ကျွေးနေစဉ်မှာ
ဒါနော ဘီလူးက ကြိုက်ပြီး အတင်းအဓမ္မ ခြိမ်းချောက်ဖျားယောင်းသတဲ့။
ဘီလူးဆိုတော့ ကြောက်ပြီး သူ့အလိုလိုက်မိနိုင်တာပေ့ါနော်။
ဒါပေမယ့် သမ္ဘူလက လက်မခံခဲ့ပါဘူး။
နတ်ကောင်းနတ်မြတ်တွေကို တိုင်တည်သစ္စာပြုသတဲ့။
နောက်ဆုံးသိကြားမင်း ကိုယ်တိုင် လာကယ်တင်ရတယ်။
**ဒီလိုမျိုး သစ္စာရှိပြီး မြင့်မြတ်တဲ့ မိန်းမမျိုးတွေကို**
**သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေက အမြဲစောင့်ရှောက်နေတတ်ပါတယ်။**
အသတ်အသေခံပြီး သစ္စာတရားကို ထိန်းသိမ်းစောင့်ရှောက်သွားတဲ့
မိန်းမကောင်း၊မိန်းမမြတ်တွေ အပြင်မှာရော ရာဇဝင်ထဲမှာပါ အများကြီးရှိပါတယ်။
ကိုယ့်ပတ်ဝန်းကျင်မှာ မတွေ့မရှိတာနဲ့ အတုယူစရာမရှိဘူး မထင်နဲ့နော်။
ခင့် ... ကို အဲ့ဒီလို မိန်းမမျိုးဖြစ်စေချင်တာ။
..............................................................................................................

ခင် ...

ယူပြီးလို့
**နူနာသည်ဖြစ်ရင်**
**အေIDS ဖြစ်နေရင်**
**ကင်ဆာဖြစ်နေရင်**
**လေဖြတ်ခဲ့ရင်**
**ခင် ... ဘယ်လိုလုပ်မှာလဲ။**
စွန့်ခွာထွက်ပြေး အဝေးသွားမှာလား။
သနားကြင်ချစ် မစွန့်ပစ်ဘဲ
ချစ်ခြင်းမေတ္တာ အခိုင်မာနဲ့
ကြင်နာစွာပြုစု ဂရုစိုက်မှာလား။
သိချင်လိုက်တာ ... ခင် ရယ်။

...............................................................................................

ခင် ...

ရှေးရှေးက ဗာရာဏသီပြည်မှာ ပဋ္ဌပါပီဆိုတဲ့ သူဆင်းရဲမတစ်ဦး ရှိသတဲ့။
သူမဟာ အရုပ်ဆိုးပေမယ့် ဖောဋ္ဌဗ္ဗာရုံ အတွေ့အထိကောင်းသတဲ့။
သူ့လက်နဲ့ထိလိုက်ရင်ကို အကြောတွေစိမ့်ပြီး ချစ်ခင်နှစ်သက်စွဲလမ်းသွားစေသတဲ့။
ဒါကြောင့် ဗာရာဏသီမင်းက နှစ်သက်ပြီး မိဖုရားမြှောက်ဖို့ ကြံစည်တဲ့အခါ
အခြားမိဖုရားတွေက ပဋ္ဌပါပီကို လှေမှာတင်ပြီး မျှောလိုက်ကြသတဲ့။
မြစ်ထဲမှာ ရေကစားနေတဲ့ ဗာဝရီယမင်းက တွေ့ပြီး ဆယ်သတဲ့။
ဆယ်ပြီး ဆိုကတည်းက သူ့ကို ထိရပြီပေါ့နော်။ ထိပြီဆိုရင်တော့ ကြွေပြီပေါ့။
ချက်ချင်းပဲ မိဖုရားမြှောက်လိုက်သတဲ့။
ဗာရာဏသီမင်းက ကြားတော့မခံနိုင်ဖြစ်ပြီး စစ်ခင်းသတဲ့။
မှူးမတ်တို့က ဖျန်ဖြေတဲ့အတွက် ပဋ္ဌပါပီဟာ
ဘုရင်နှစ်ပါးရဲ့နန်းတော်မှာ (၇) ရက်စီ အလှည့်အလည် နေခြင်းအားဖြင့်
စစ်ပြေငြိမ်းသွားသတဲ့။ တော်သေးတာပေါ့။
ခင် ... စဉ်းစားကြည့်စမ်း။ ပဋ္ဌပါပီကြောင့် လူတွေအများကြီး သေတော့မလို့။
သူ့အပြစ်မဟုတ်ပေမယ့် သူ့ရဲ့ထူးခြားတဲ့ အရည်အချင်းကြောင့်ပေါ့။
**မိန်းကလေးတိုင်းမှာ ယောကျ်ားတွေကို စွဲမက်စေတဲ့**
**အရည်အချင်းတစ်မျိုးမျိုးတော့ ကိုယ်စီရှိနေကြတာပါပဲ။**
**ကိုယ့်အရည်အချင်းကို ကိုယ်သိအောင် ကြိုးစားပြီး**
**ကိုယ်ချစ်တဲ့ယောကျ်ားတစ်ယောက်ကို စွဲမက်စေရင် တော်ရောပေါ့နော်။**
နှစ်ယောက်သုံးယောက်ကို စွဲမက်စေချင်ရင်တော့
ပြဿနာတစ်လုံးတစ်ထွေးကြီးနဲ့ ခေါင်းခဲသွားလိမ့်မယ်ဆိုတာ
ခင် ... သိပါလိမ့်မယ်။

........................................................................................................................

ခင် ...

**အတွေ့ထူးကြောင့်**
**ရှုမှုးစွဲလမ်းသွားအောင်**
**စွမ်းဆောင်နိုင်တဲ့ မိန်းမတွေ**
**ရှိခဲ့ချေ၏ တဲ့။**
ထိုမိန်းမတို့သည် ယောကျာ်းများအား
အမှားများစွာ ပြုစေနိုင်စွမ်းရှိပေ၏။
ထိုမိန်းမတို့နှင့်
ကြုံခွင့်ရသော ယောကျာ်းတို့လည်း
သတိတရား အမြဲထားအပ်၏ .. တဲ့။
ပညာရှိတစ်ဦးရဲ့ စကား
မှတ်သားထားဖူးတယ်။
.........................................................................................

ခင် ...

ဘောလယ်ရတုတွေရေးတဲ့ လှိုင်ထိပ်ခေါင်တင်မင်းသမီးဟာ
ကနောင်မင်းသားကြီးကို အလွန်ချစ်ရှာတယ်။
ဒါပေမယ့် တစ်နေ့မှာတော့ ညနေအချိန်ပွဲတော် တည်ရာမှာ
ပွဲတော်လိုက်နေတဲ့ လှိုင်ထိပ်ခေါင်တင်ဟာ ကနောင်မင်းသားကြီး
မျက်နှာသုန်မှုန်ပြီး မိန့်ခွန်းတော်မပဟ တာကြောင့် ပွဲတော်မပြီးမှာ
ရုတ်တရက် စိတ်ကောက်ပြီး ဆောင့်အောင့်ထွက်သွားသတဲ့။
အဲ့ဒီအခါမှာ ကနောင်မင်းသားကြီး စိတ်ဆိုးပြီး ရွှေဓားတော် ကိုင်စွဲပြီး
ခုတ်ပိုင်းမယ် ပြုတော်မူလို့ အကြီးတော်များက ပိုင်းဆွဲကြတဲ့အတွက်
အမျက်ပြေငြိမ်းရတယ်လို့ ဆိုတယ်။
လှိုင်မင်းသမီးဟာ ပိုင်ဆိုင်လိုချင်တဲ့ အချစ်၊ မနာလိုဝန်တိုတဲ့ အချစ်၊
မာနနဲ့ယှဉ်တဲ့ အချစ်တွေက လွှမ်းမိုးလာတဲ့အခါ
ဘုရင်ဖြစ်မယ့် အိမ်ရှေ့မင်းသားကို မလေးမခန့် စိတ်ကောက်ခြေဆောင့်
လုပ်ပြလိုက်မိတဲ့အတွက် ကံကောင်းလို့ မသေတယ်။
**ကိုယ် ချစ်တဲ့သူ၊ ကိုယ်တန်ဖိုးထားလေးစားရတဲ့ သူတွေအပေါ်**
**ဘယ်တော့မှ ဒီလိုမျိုးရိုင်းပြတဲ့ မလေးမခန့် အမူအယာမျိုး**
**မလုပ်ပြသင့်ဘူး ခင်ရဲ့။**
**ယောကျ်ားမာန အပြည့်ရှိတဲ့သူတွေ အပေါ်မှာ**
**အဲ့ဒီလိုစိတ်ကောက်နည်းမျိုး အသုံးချမိရင်**
**အကျိုးယုတ်ဖို့ပဲ ရှိပါတယ်။**
ခင် နားလည်ပါတယ်။ စိတ်မကောက်နဲ့ နော်။
..................................................................................................

ခင် ...

**ချစ်လို့စိတ်ကောက်ရင်**
**ထိပ်ခေါက်ချင်တယ်။**
**ချစ်လို့စိတ်ဆိုးရင်**
**ထိပ်ထိုးချင်တယ်။**
ပြဿနာအမျိုးမျိုးတွေရဲ့
အဆိုးအကောင်း အကျိုးအကြောင်းတွေ
ခေါင်းအေးအေးထား စဉ်းစားဖြေရှင်း
သောကနဲ့ စစ်ခင်းနေရတဲ့ သူကို
စာနာ နားမလည်
စိတ်ဆိုးဦးမယ်ဆိုရင်တော့
**ဆိုးချင်လည်း ဆိုး**
**ထိပ်ထိုးခံထိမယ်။**
**ကောက်ချင်လည်းကောက်**
**ထိပ်ခေါက်ခံထိမယ်။**
**သတိထားနော်။**
**...............................................................................**

ခင် ...

ချစ်လို့စိတ်ကောက်မိတာနဲ့ ဓားဆွဲပြီးခုတ်ပိုင်းဖို့ ကြံရွယ်ခဲ့တဲ့
ကနောင်မင်းသားကြီးကို ရက်စက်လိုက်တာ မောင်တော်ရယ်လို့
လှိုင်ထိပ်ခေါင်တင်အစား ပြောချင်သေးသလား ဟင်။
ခင် စဉ်းစားကြည့်လေ။
တိုင်းရေးပြည်ရာတွေနဲ့ ရှုပ်ထွေးပြီး အမြဲလိုလို
ဦးနှောက်ခြောက်နေတဲ့ လူတစ်ယောက်ကို
ချိုသာကြည်မြ စကားလှလှတွေနဲ့ နှစ်သိမ့်ပြုစုရမယ့်အစား
စိတ်ကောက်ခြေဆောင့် လုပ်ပြလိုက်တော့ ဒေါသထွက်မိတာပေါ့။
ပြီးတော့ ... နှစ်ယောက်ချင်းစိတ်ကောက်တာ မဟုတ်ဘူးလေ။
လူပုံအလယ်မှာ စိတ်ကောက်ပြလိုက်တာ။
ကနောင်မင်းသားကြီးရဲ့အရှက်ကို ခွဲလိုက်သလိုဖြစ်ပြီး။
သူ့မိဖုရားတစ်ပါးက မခန့်မညား မလေးမစားလုပ်ပြရမလားဆိုပြီး ဓားဆွဲလိုက်မိတာပါ။
**ဘုရင်ဖြစ်မယ့်သူမှာ ဒီလိုမျိုး ရာဇမာန်ရှိနေတတ်တယ် ဆိုတာ**
**သူ ချစ်တဲ့သူက သိနေရမှာပေါ့နော်။**
ဒါပေမယ့် ... ခင် ... ရယ်
ကနောင်မင်းသားကြီးက နောက်ပိုင်းမှာ လှိုင်မင်းသမီးလေးကို
ပြန်ချော့ခဲ့ပါတယ်။ ယောကျ်ားပီသတဲ့ ကနောင်မင်းသားကြီးမှာလည်း
အသည်းနဲ့ပါ။
..........................................................................................................

ခင် ...

**ထိပ်ထိုးပြီးရင်**
**စိတ်ဆိုးပြေအောင် ချော့မယ်။**
**ထိပ်ခေါက်ပြီးရင်**
**စိတ်ကောက်ပြေအောင် ချော့မယ်။**
ခုတော့ ...
လျှော့မပေးနိုင်သေးဘူး... ဒါပဲ။
......................................................................................................

ခင် ...

လင်ကို အင်မတန်ချစ်တဲ့ မိန်းမတစ်ယောက်အကြောင်းပြောရရင်
ကုန်းဘောင်ခေတ် အမျိုးသမီးဂီတစာဆို မမြကလေး ကို ချန်ထားခဲ့လို့ မရပေဘူး။
ကုန်းဘောင်မင်းလို့အမည်တွင်တဲ့ မောင်တော် ရွှေဘိုမင်းကို မမြလေးက အလွန်ချစ်သတဲ့။
ငယ်ရွယ်စဉ်ကတည်းက သံနေသံထား စည်းဝါးကျကျ သီချင်းများကိုလည်း ဆိုနိုင်သတဲ့။
ရူပါရုံ၊ သဒ္ဒါရုံတို့ဖြင့် အဆန်းတကြယ် သူတစ်ထူး၏စိတ်ကို ညွတ်နူးစေနိုင်သူ ဖြစ်သောကြောင့်
ကုန်းဘောင်မင်း၏ ချစ်ခင်မြတ်နိုးခြင်းလည်း ခံရရှာတယ်။
လင်တော်မင်းတရားကြီး စိတ်ညစ်ညူးတော်မူတဲ့အခါ မိမိကိုယ်တိုင်
ယုယုယယကြည့်ရှုကာ သီချင်းများကို သီဆိုဖွဲ့နွဲ့ပြီး
စိတ်တော်ကို ပျော်ရွှင်အောင် ဖျော်ဖြေလေ့ရှိသတဲ့။
မိဖုရားငယ်တွေနဲ့ အပျော်အပါးများနေတဲ့ လင်တော်မောင်မင်းတရားကြီးကို
စိတ်နာ၊ စိတ်ပျက်ခြင်းမရှိ လွမ်းဆွတ်တမ်းတစွာနဲ့ သီချင်းတွေ
ရေးစပ်သီဆိုဖျော်ဖြေတတ်တဲ့ မမြလေးရဲ့အချစ်ဟာ လွမ်းမောစရာပါ ... ခင်ရယ်။
**ကိုယ်ချစ်တဲ့သူ စိတ်ညစ်စရာ ဘဝအမောတွေနဲ့ ကြုံရင်**
**ပျော်စရာသီချင်းလေးတွေနဲ့ နှစ်သိမ့်ပေးတတ်တဲ့ မိန်းမသားမျိုး**
**ရှိတော့ ရှိတယ် ရှားပါတယ်။**
**ခင်က ... အဲ့ဒီရှားပါးတဲ့ မိန်းမသားတွေထဲက**
**တစ်ယောက်ဖြစ်မယ် ထင်ပါရဲ့။**

..........................................................................................................................

ခင် ... ရေ

ဘဝအမောတွေထဲမှာ
သောကကင်းကင်းနဲ့
သီချင်းဆိုကြမယ်နော်။
**လွမ်းလို့ပဲဖြစ်ဖြစ်**
**ပျော်လို့ပဲဖြစ်ဖြစ်**
**စိတ်ညစ်ရင် သီချင်းဆို**
**ငိုချင်ရင် ဂစ်တာခေါက်**
**တို့နှစ်ယောက် ပျော်ကြမယ်။**

..........................................................................................................................

ခင် ...

မမြကလေးက ဒီလောက်ချစ်တာတောင် သူ့လင်က မိဖုရားငယ်တွေနဲ့
အပျော်ကြူးနေရသလားလို့ ခင်မကျေမနပ်ဖြစ်နေမလား မသိဘူး။
အဲ့ဒီခေတ်အခါက အခြေအနေကို ခင်သိရင် နားလည် သဘောပေါက်မှာပါ။
အဲ့ဒီအချိန်တုန်းက မိန်းမတစ်ယောက်ဟာ ရုပ်ရည်သန့်မယ်။ ချောမယ်။
ထူးခြားတဲ့ အရည်အချင်းတွေရှိမယ်ဆိုရင် ဘုန်းကံရှိသူနဲ့သာ ထိုက်တန်တယ်ဆိုပြီး
အရှင်သခင် ဘုရင်ကို ဆက်သလေ့ရှိသတဲ့။
မိဘကိုယ်တိုင်ကကို ဘုရင်ကို ဂုဏ်ယူစွာဆက်သချင်ခဲ့ကြတယ်။
လက်အောက်ခံ တိုင်းနိုင်ငံက အကြီးအကဲတွေရဲ့နှမတော်တွေ သမီးတွေကိုလည်း
ချစ်ကြည်ရေးအလို့ငှာ မိဖုရားမြှောက်စားရသေးတယ်။
ဒီလိုနဲ့ မိဖုရားတွေများခဲ့ရတာပါ။
မိဖုရားအဖြစ်မြှောက်စားပြီး မသွားမလာ ရှိခဲ့ရင်လည်း ရှင်ဘုရင်ဟာ
သူတို့ သမီးနှမတွေကို စိမ်းကားပစ်ပယ်တယ်၊ မကြင်နာဘူးဆိုပြီး
သူတို့နဲ့ပတ်သတ်တဲ့ မိဘဆွေမျိုးတွေ နှလုံးမသာ ရှိနိုင်ပြန်ရော။
**မိဖုရားတွေများပြီး တာဝန်အရ သွားလာလှုပ်ရှားနေရတဲ့**
**ရှင်ဘုရင်လို ယောကျ်ားတွေရဲ့ဘဝကိုလည်း**
**စာနာ နားလည်ပေးပါဦးလား ... ခင် ... ရယ်။**

.............................................................................................................

ခင် …

ကိုယ်ချစ်တဲ့သူက
နာမည်ကျော်ကြား လူကြိုက်များလာခဲ့ရင်
ချစ်ခင်နှစ်သက် မိတ်ဆက်မယ့်သူတွေ
တွေ့ဆုံဆွေးနွေး မေးမြန်းချင်သူတွေ
လူချင်းတွေ့မှ ပြောပြမယ်ဆိုတာတွေ
ရှိလာလိမ့်မယ်နော်။
အဲ့ဒီအခါမှာ … ခင် … က
သဝန်တို ရန်လိုပြီး ငြိုငြင်တတ်မယ်ဆိုရင်
အကြင်နာတွေ လျော့ပါး
စိမ်းကားစရာတွေဖြစ် စိတ်ညစ်ရလိမ့်မယ်။
**ဒီတော့ ခင် … ရယ်**
**သဝန်တို မငြိုငြင်တတ်တဲ့ စိတ်ကိုမွေးပြီး**
**(မောင့်ကို) နားလည်ပေးပါနော်။**
………………………………………………………………………………

ခင် ...

မန္တလေးနန်းတွင်းရာဇဝင်မှာ မောင်ဖေငယ်နဲ့ဒိုင်းခင်ခင်အကြောင်းဟာ
တစ်ထောင့်တစ်နေရာက ပါခဲ့တယ်။
သူတို့ဟာ အင်မတန် ချစ်ကြတဲ့ ချစ်သူနှစ်ဦးပေါ့။
ဒါပေမယ့် အဲ့ဒီချစ်သူနှစ်ဦးဟာ ကံဆိုးရှာတယ်။
ဒိုင်းခင်ခင်ကို သီပေါဘုရင်ကတွေ့ပြီး ကြိုက်သွားသတဲ့။
အဲ့ဒါကြောင့် နန်းတွင်းကို ယောကျ်ားလေးအသွင်နဲ့ ခေါ်သွင်းပြီး ပေါင်းသင်းခဲ့သတဲ့။
မောင်ဖေငယ်ဟာ ချစ်သူကို အသက်လောက်ချစ်ပေမယ့် အရှင်သခင်ကို
ချစ်ခင်လေးစား ကြောက်ရွံ့ရတာကြောင့် သူ့ခံစားမှုကို
မျိုသိပ်ပြီး သူ့ချစ်သူကို ပေးခဲ့ရရှာတယ်။
ဒိုင်းခင်ခင်ကလည်း မောင်ဖေငယ် နည်းတူပါပဲ။
သူ့အချစ်ကို စတေးပြီး သီပေါမင်းနဲ့ နေခဲ့ရရှာတယ်။ ခင် က ပြောလိမ့်မယ်။
ကိုယ်က မချစ်တာ ဘာလို့ယူမလဲ။ ထွက်ပြေးပေါ့။
ထွက်ပြေးလို့မရရင် နှစ်ယောက်သားဖက်ပြီး သေလိုက်ကြပေါ့လို့။
ထွက်ပြေးလို့ မလွတ်နိုင်ပဘူး ခင်ရယ်။ ပြီးတော့ ... ဘုရင့်အာဏာကို ဖီဆန်ရင်
တစ်ဆွေလုံး တစ်မျိုးလုံး ဒုက္ခရောက်ကြရမှာ ခင် ရဲ့။
**ကိုယ့်အချစ်နဲ့ သူများဘဝတွေနဲ့ လဲရမယ့်အခါမှာ**
**လိမ္မာသိတတ်တဲ့သူတွေဟာ သူတို့ရဲ့ကိုယ်ကျိုးစွန့်ပြီး**
**သူတို့အချစ်ကို စတေးစွန့်လွှတ်ကြစမြဲပါ ခင် ... ရယ်။**
..............................................................................................................

ခင်

ကုသိုလ်ကြမ္မာ
မမှီပါ၍
ကြမ္မာဝဋ်ကြွေး
ကျန်ရှိသေးလျှင်
တို့ ... ဝေးနိုင်ပါ၏။
သိပင်သိငြား
**စိတ်အားမလျော့**
**သွားပေါ့မဆို**
**ကိုယ်က မခွဲ**
**ခင့် လက်တွဲ၍**
**ရဲဝံ့နိုင်ကျည် ရင်ဆိုင်မည်။**
..................................................................................

ခင် ...

သီပေါဘုရင်ရဲ့မိဖုရား စုဖုရားလတ်ရဲ့အချစ်ဟာ ပြင်းထန်သလောက်
ကြောက်ဖို့ကောင်းတယ်။ သီပေါဘုရင်ကို တအားချစ်သလို
တအားလည်း နိုင်ချင် ပိုင်ချင်ခဲ့တယ်။
သူတစ်ပါးကို လွှမ်းမိုးအုပ်ချုပ်နိုင်စွမ်းလည်း ရှိတယ်။
သတ္တိလည်းရှိတယ်။ သီပေါဘုရင်စာ ဒိုင်းခင်ခင်နဲ့
ခိုးကြောင်ခိုးဝှက်ပေါင်းသင်းနေတာကို စုဖုရားလတ်သိတာနဲ့
မောင်ဖေငယ်ကိုကော ဒိုင်းခင်ခင်ကိုပါ အပြတ်ရှင်းခိုင်းလိုက်တယ်။
သူ့မှာ ရနောင်မောင်မောင်တုတ်လို ဘာမဆိုလုပ်မယ့် ငယ်ကျွန်တွေက အများကြီးပဲလေ။
ဒီအကြောင်း သီပေါဘုရင်သိလို့ စိတ်ဆိုးမယ်လုပ်တော့ ညီမစုဖုရားငယ်ကို အစားပေးလိုက်သတဲ့။
**ပြတ်သားတယ်နော်။ အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူး။**
**လက်ဦးဖို့ပဲလိုတယ်လို့ စုဖုရားလတ်က ယုံကြည်ပုံရတယ်။**
ခင်ကော ... စုဖုရားလတ်လို စိတ်ထားမျိုးရှိသလားဟင်!
မောင် ... သိချင်လိုက်တာ။
....................................................................................................

ခင် ...

ချစ်စိတ်ပြင်းထန်
အကြောင်းအရင်းကြောင့်
အတင်းအဓမ္မ ပြုခဲ့ရသော်
သောကထွေထွေ
**ဒေါသတွေက**
**ရေလိုပွက်ဆူ**
**နေလိုပူမလား**
**ခံစားတွေးကြည့်**
**ရင်မချိဘူး**
**ခင် သိရင်ပဲ ကျေနပ်ပြီ။**

..........................................................................................................

ခင် ...
သိပေါဘုရင်ကို အထင်သေးချင်ပြီလားဟင်။
စုဖုရားလတ်ဟာ သူ့ရဲ့ငယ်ချစ်ပါ။ လူပျိုဘဝတည်းက ချစ်ခဲ့ကြတာပါ။
ပြီးတော့ စုဖုရားလတ်နဲ့ ပတ်သက်ပြီး ဘုရင် ဖြစ်ခဲ့ရတာလေ။
စုဖုရားလတ်က သူ့ကို တအားချစ်မှန်းလည်း သိနေတော့ အစစ အရာရာ
ချစ်သူအလိုကျ အလျော့ပေးခဲ့တာ အပြစ်လားဟင်။
ချစ်လို့အလိုလိုက်မတာ မှားမှန်းသိတဲ့အချိန်က လွန်ပြီ။
ပြင်လို့မရတဲ့ အချိန် ဖြစ်နေပြီ။
စုဖုရားလတ်အမိန့်နဲ့ ဒိုင်းခင်ခင်ကိုသတ်ပစ်တာတောင်
မင်းအာဏာနဲ့ မကာကွယ်နိုင်တော့တဲ့ အခြေအနေမျိုး။
သိပေါဘုရင်မှားပါတယ်။ ချစ်လွန်းလို့ မှားပါတယ်။
ချစ်တော့ အလိုလိုက် အလျော့ပေးခဲ့တယ်။
အလျော့ပေးရင်းပေးရင်းနဲ့ အနိုင်ခံခဲ့ရတယ်။
**ယောကျ်ားတန်ဖိုးကို နားမလည်တဲ့ မိန်းမတစ်ယောက်အပေါ်ကို**
**ချစ်ခဲ့မိလို့ အလျော့ပေးရင်း မှားခဲ့တဲ့ အမှားပါ။**
**အဲ့ဒီလို အမှားမျိုး မောင့်ကို ကျူးလွန်မိအောင်**
**ဖျားယောင်းသွေးဆောင်ခြင်း အမှု မပြုပါနဲ့နော်။**

..........................................................................................................

ခင် ...

ချစ်သူဟုသာ
ပွဲတိုင်းညာ၍
ဘာကိုမဆို
အလိုလိုက်ပေး
ခင့်တွက်တွေးပြီး
အရေးပေးကာ
ဆက်ဆံတာကို
**စာနာမထောက်**
**ငါ့ကို ကြောက်ဟု**
**မောက်မာရိုင်းပျ**
**နိုင်လိုပြလျှင်**
**သောက မင်းတွက် ရှိလိမ့်မယ်။**
.......................................................................................

ခင် ...

ရတုဘုရင် နတ်သျှင်နောင်နဲ့ ဓာတုကလျာတို့ရဲ့အချစ်က စာဖွဲ့လောက်ပါတယ်။

နတ်သျှင်နောင် ချစ်ခင်စွဲလမ်း ပိုးပန်းတဲ့အချိန်မှာ

ရာဇဓာတုကလျာက ၃၉ နှစ်အရွယ် မုဆိုးမ

နတ်သျှင်နောင်က ၁၅ နှစ်အရွယ် မင်းပျိုမင်းလွင်။

သစ္စာတိုင်ရတုတွေရေးပြီး ပိုးပမ်းကြိုးပမ်းခဲ့ရတာ (၁၀) နှစ်ကြာသတဲ့။

နောက်ဆုံး ဟံသာဝတီနေပြည်တော်ကို တိုက်ခိုက်သိမ်းပိုက်ပြီး မှ

ဓာတုကလျာကို ရခဲ့တယ်။

ရာဇဓာတုကလျာရဲ့လက်ကိုဆွဲပြီး အောင်ပွဲခံတော့

ရာဇဓာတုကလျာရဲ့အသက်က ၄၃ နှစ်၊ နတ်သျှင်နောင်ရဲ့အသက်က ၂၅ နှစ်ပေါ့။

**ချစ်ခြင်းမေတ္တာမှာ အသက်အရွယ် ဂုဏ်ပကာသန ဆွေမျိုးပတ်ဝန်းကျင်က အရေးမပါဘူး။**

**တကယ်ချစ်လာရင် ကိုယ်ချစ်တဲ့သူကို မရ ရအောင် ယူမယ်။**

**ဘယ်လို အခက်အခဲမျိုးပဲ တွေ့တွေ့ အချိန်ဘယ်လောက်ပဲ ကြာကြာ**

**စိတ်ဓာတ်ခိုင်ခိုင်မာမာနဲ့ ဖွဲ့ရှိရမယ်။**

ပြီးတော့ ... ချစ်သူလက်ကိုဆွဲပြီး အောင်ပွဲခံတဲ့အချိန်မှာ

တင့်တင့်တယ်တယ် ဖြစ်နေရမယ်။

ဒီလိုမျိုးလုပ်နိုင်ခဲ့တဲ့ နတ်သျှင်နောင်ဟာ

မောင်တို့အတွက် စံထားစရာ အချစ်သူရဲကောင်းပါ ခင်။

..........................................................................................................

ခင် ...

နတ်သျှင်နောင်က
သူ့ချစ်သူကို အမှွမ်းတင်တဲ့
ရင်ထဲက ကဗျာ
ဖတ်ကြည့်ပါဦးကွယ်။
**နှစ်ပြိုင်ဖက်ရှာ၊ ဝတီန်သာက**
**စံရာစံထား၊ ရွေးခဲ့ခြား၍**
**သိကြားတမျှ၊ ပြိုင်လာ သ လည်း**
**သော်တာရောင်တွင် ကြယ်နယ်ထင်ဟု**
**သခင်ကကို၊ များမိန့်ဆိုလိမ့်။**
ဝင်းညိုမွေးမွတ်၊ ပြာလတ်နွဲ့ချော
သဘောစင်ဖြူ၊ မည်သို့ဟူ၍
မြင်သူမူးမော်၊ တွေးခေါ်ဟမြွက်
ဆိုမျိုးခက်ခဲ့၊ အဖက်ကျူးလွန်
တင့်မောဟန်ကို၊ မြော်ပြန်မြင်နှိုင်း
တန့်မဆိုင်းသည်
ရှုတိုင်းမျက်နှာ ထင်တော့သည်။
( နတ်သျှင်နောင် )
........................................................................................

ခင် ...

ရာဇဓာတုကလျာဟာ နတ်သျှင်နောင်နဲ့ မတွေ့မီ
မင်းကြီးစွာနဲ့ ချစ်ခဲ့ ညားခဲ့ ကြသေးတယ်။
အိမ်ရှေ့မင်းသား ဥပရာဇာ မင်းကြီးစွာ (သူရဲ့တူတော်) က
သူ့ကို စွဲစွဲလမ်းလမ်း ချစ်မြတ်နိုးခဲ့သတဲ့။
ဓာတုကလျာက မသင့်တော်မှန်းသိလို့ ရှောင်ဖယ်ဖယ်နေခဲ့တယ်။
မင်းကြီးစွာကလည်း အဒေါ်ဖြစ်နေတာ တစ်ကြောင်း၊
အင်းဝဘုရင်သမီးတော်နဲ့ လက်ဆက်ထားတာက တစ်ကြောင်းကြောင့်
သူ့အချစ်ကို မြှိုသိပ်ထားရှာပါတယ်။ နောက်ဆုံးတော့
အချစ်စွမ်းအားကြီးမားလာပြီး ချစ်ကြိုက်ခဲ့ကြသတဲ့။
သူ့ထက် အသက် (၄) နှစ်ကြီးတဲ့ မင်းကြီးစွာက
အသည်းနှလုံးနဲ့ ဘဝ၊ အသက်တွေပုံပြီး ချစ်လာတဲ့အခါမှာ
ဓာတုကလျာလည်း ဘယ်ခံနိုင်တော့မလဲ။
မင်းကြီးစွာက သူ့ဖခင် ယိုးဒယားကို စစ်ချီနေတုန်း အခွင့်အရေးရခိုက်
မင်္ဂလာအခမ်းအနားနဲ့ မိဖုရားမြှောက်စားပြီး
သူသေတဲ့အထိ မြတ်မြတ်နိုးနိုး ချစ်သွားသတဲ့။
**ယောက်ျားတစ်ယောက် သူသေတဲ့အထိ**
**စွဲစွဲလမ်းလမ်း ချစ်မြတ်နိုးခြင်းခံခဲ့ရတဲ့ မိန်းမတစ်ယောက်(ဓာတုကလျာ) ဟာ**
**ကံကောင်းတာပေါ့နော်။**
မင်းကြီးစွာဆုံးပြီး နတ်သျှင်နောင်နဲ့ တွေ့ပြန်တော့လည်း နတ်သျှင်နောင်က
စွဲစွဲလမ်းလမ်း မြတ်မြတ်နိုးနိုး ချစ်ပြန်သတဲ့။
သိပ်ကံကောင်းတယ်နော်။

.............................................................................................................

ခင် ...

အသက်အရွယ် အဟန့်အတားတွေကြောင့်
မေတ္တာကမ္ဘာ ခြားရမတဲ့လား။
အချစ်မှာ
အရွယ်လည်းမရှိ
အဆင့်အတန်းလည်းမရှိ
ချောတာ လှတာလည်းမသိ
အချစ်ပဲ ရှိတယ်။
**အချစ်မှာ**
**အင်အားရှိသည်။**
**အဟန့်အတားများစွာကို**
**ကျော်လွှားသွားနိုင်စွမ်းရှိသည်။**
**အချစ်မှာ**
**မဖြစ်နိုင်တာမရှိ။**
**ဖြစ်အောင်လုပ်နိုင်စွမ်းလည်းရှိသည်။**
ထို့ကြောင့်
အချစ်ရှိဖို့သာလိုသည်။
.....................................................................................................

ခင် ...

ရာဇဝင် မထင်ရှားပေမယ့် ဟံသာဝတီအိမ်ရှေ့ဥပရာဇာ
မင်းကြီးစွာအကြောင်းကိုပြောပြချင်တယ်။
သူ့အသက် ၂၇ နှစ်မှာ သူ့ဖခင် ငါးဆူဒယကာမင်းတရားက
သူ့အစ်မတော် အင်းဝဘုရင်သတိုးမင်းစောရဲ့ မိဖုရားက မွေးဖွားတဲ့
နတ်သျှင်မယ်တော်နဲ့ လက်ဆက်ပေးပြီး အိမ်ရှေ့အရာပေးခဲ့တယ်။
အချစ်ဆိုတာ ဘာမှန်းမသိဘဲ အိမ်ထောင်ပြုခဲ့ရတယ်။
ဒါပေမယ့် သူ့အဒေါ်တော်တဲ့ ရာဇဓာတုကလျာကို တွေ့တဲ့အခါမှာတော့
အချစ်ဆိုတာ ဘာလဲဆိုတာ သေချာသိသွားပြီး
ချစ်သူနဲ့အတူ နေချင်စိတ်တွေ ပေါ်လာခဲ့တော့တယ်။
အဲ့ဒီတော့ သူ့ဖခင်ဟံသာဝတီဘုရင်က ယိုးဒယားကို စစ်ချီသွားနေတုန်း
ဟံသာဝတီနေပြည်တော်ကို သူ့ကိုလွှဲအပ်ထားခိုက် ဖြစ်ချင်ရာဖြစ်ဆိုပြီး
အချစ်သက်တမ်း(၄)နှစ်မြောက်မှာ ဓာတုကလျာကို
တရားဝင်အခမ်းအနားနဲ့ မိဖုရားမြှောက်ခဲ့တယ်လေ။
ဖခင်ဘုရင်စိတ်ဆိုးလို့ သတ်ချင်လည်း သတ်ပေရော့ဆိုပြီး
သူ့ချစ်သူကို မိုက်မိုက်ကန်းကန်း ယူခဲ့တယ်လေ။
အဲ့ဒီစွန့်စားမှုကြောင့် သူတို့ချစ်သူနှစ်ဦး ပျော်ရွှင်စွာ ပေါင်းသင်းခဲ့ရသတဲ့။
**ချစ်သူ့အတွက် စွန့်စားရဲတဲ့ မင်းကြီးစွာကို**
**အချစ်ရာဇဝင်မှာတော့ စာတင်ထားချင်တယ်။**
.........................................................................................................

ခင် ...

**တစ်ခါတစ်ရံ**
**အချစ်ဆိုတာ ဘာမှန်းမသိ။**
**အတူတူနေလို့ ချစ်နေတာလားမသိ။**
**ပေါင်းသင်းနေလို့ ချစ်တယ်ထင်သလားမသိ။**
**နီးစပ်မှုရှိလို့ ချစ်သလားမသိ။**
ဒါပေမယ့် ...
ကိုယ်တကယ်ချစ်တဲ့သူနဲ့
မမျှော်လင့်ဘဲတွေ့လိုက်တဲ့အခါ
အချစ်ဆိုတာ ဒါပဲ။
ငါချစ်တာ ဒီဟာမဟုတ် ဟိုဟာ
ဒီလူမဟုတ် ဟိုလူ
ဘယ်သူဘယ်ဝါ
သေချာစွာခွဲခြား သိသွားတဲ့အခါ
ဘာမှလုပ်မရ
နောင်းခဲ့ကြပြီလေ။
ဒါကြောင့် ...
အချစ်ဆိုတာ
ဘာမှန်းမသိတာကမှ
ပိုကောင်းပါသေးတယ် ခင် ... ရယ်။
........................................................................................................

ခင် ...

ရာဇဓာတုကလျာရဲ့ ကံဆိုးကံကောင်းမှုတွေဟာ တရားကျဖို့ကောင်းတယ်နော်။
ဖခင်လက်ထက်မှာ အေးအေးချမ်းချမ်း နေခဲ့ရတယ်။ တရားဓမ္မနဲ့ မွေ့လျော်ခဲ့တယ်။
နောက် မင်းကြီးစွာက အတင်းကြိုက်လာပြန်တော့ ရှောင်ရင်းဖယ်ရင်းနဲ့
မင်းကြီးစွာရဲ့ မေတ္တာရိပ်အောက်ကို ရောက်ခဲ့ရပြန်တယ်။
မေတ္တာရိပ်မှာ မှေးမှိတ်လို့မဝခင် (၆) နှစ်ပဲ ပေါင်းလိုက်ရတယ်
သူ့ချစ်သူ မင်းကြီးစွာက စွန့်ခွာသွားပြန်ရော။
ကံကြမ္မာကို စိတ်နာပြီး လူ့ဘောင်က ခွာမယ်လုပ်ပြန်တော့
နတ်သျှင်နောင်က အရူးအမူး ချစ်နေပြန်ရော။
နတ်သျှင်နောင်က ဓာတုကလျာရဲ့ရင်ထဲမှာ လှပတဲ့ အချစ်သစ်ပင်လေး
စိုက်ပေးလိုက်တော့ သူမရဲ့စိတ်ဆင်းရဲသောကတွေဟာ အချစ်ပင်ခြေရင်းမှာ
ဝပ်စင်း ပျောက်ကွယ်သွားခဲ့ရရှာပေ့ါ။
နတ်သျှင်နောင်ရဲ့အချစ်မှာ မိန်းမူးပြီး အပျော်ကြီးပျော်ခဲ့ရပေမယ့်
မိဖုရားသက် ၈ လ မပြည့်ခင်မှာပဲ ချစ်ကြင်နာသူကို စွန့်ခွာခဲ့ရပြန်ရှာတယ်။
**ချစ်တဲ့သူနဲ့အတူ ကြာကြာနေဖို့ ကံမပါရှာဘူး ထင်ပါရဲ့။**
**အဲ့ဒီလိုအဖြစ်မျိုးကြုံရင် ခင်ဘယ်လို ခံစားရမလဲဟင်။**
**မောင်ကော ဘယ်လို ခံစားရမှာလဲ။**
**မတွေးရဲအောင်ပါ ခင်ရယ်။**

.......................................................................................................................

ခင် ...

ဓာတုကလျာရဲ့
ရင်ထဲကရတု
စံပြုလောက်ပါတယ်။

မဟာစေတီ၊ မွေသရီ၏
မြေညီခင်းပြန့်၊ သလင်သန့်ဝယ်
နှင်းပန့်တပဲ၊ ဝတ်ဖြူလဲနှင့်
နန်းထဲနန်းလေ့၊ သီမတေ့ဘဲ
**ချမ်းမြေ့စိတ်ကြည်၊ ပီတိရည်ဖြင့်**
**နိုင်တည်နှလုံး၊ တဖြောင့်သုံး၍**
**နှောင်တုံးကေမင်၊ ဖြေလျော့ချင်လည်း**
**နတ်သျှင်သူ့ကြောင့်၊ တရေးမှောင့်ခဲ့**
မဖြောင့်ပျံ့လွင့်၊ နှောင်ကြိုးဝင့်သည်
လုလင့်ငွေမျက်ရည်တကား။
(ရာဇဓာတုကလျာ)
.........................................................................................................

ခင် ...

စာဆိုစစ်သည်ပြည်နဝဒေးကြီးနဲ့ သူ့ချစ်သူ ခင်နှောင်းအကြောင်း
ပြောပြရင် ခင် အံ့ဩသွားမလားမသိ။
ပြည်နဝဒေးကြီးက ရှင်နှောင်းကိုစတွေ့ပြီး
စကြိုက်တဲ့အချိန်မှာ အသက် ၂၀ ရှိနေပြီ။
ရှင်နှောင်းက အဲ့ဒီအချိန်မှာ ၉ နှစ်သမီးပဲ ရှိသေးတယ်။
ရှင်နှောင်းက နဝင်းချောင်းထဲမှာ ရေချိုးနေတုန်း
နဝဒေးကြီးက မြင်ပြီး နှစ်သက်စွဲလမ်းသွားသတဲ့။
အဲ့ဒီအချိန်ကတည်းက ချစ်ခင်စွဲလမ်းသွားလိုက်တာ၊ သေတဲ့အထိပဲတဲ့။
ရှင်နှောင်းလေးကို ၉ နှစ်သမီးအရွယ်က စချစ်ပြီး
ရာသက်ပန်ရိုးမြေကျ ပေါင်းဖက်သွားတယ်လို့ ဆိုတယ်။
ပြည်နဝဒေးကြီးဟာ ချီးကျူးလေးစားစရာ ယောကျ်ားပဲနော်။
ရှင်နှောင်းလေးအပျိုဖြစ်တဲ့အထိ သူ့ခမျာစောင့်ချစ်နေရမှာ။
**သစ္စာရှိရှိနဲ့ အကြာကြီး စောင့်ချစ်ခဲ့တဲ့**
**ပြည်နဝဒေးလို စာဆိုစစ်သည်မျိုးလည်း**
**ဤကမ္ဘာလောကမှာ ရှိခဲ့ဖူးပါတယ် ခင်။**
သစ္စာရှိတဲ့ တော်လေးဝဝင်တဲ့ မိန်းမမြတ်တွေ ရှိခဲ့သလို
အစွဲအလမ်းကြီးတဲ့ ပြည်နဝဒေး၊ နတ်သျှင်နှောင်လို
အချစ်သူရဲကောင်းတွေလည်း တပုံတပင်ကြီး ရှိခဲ့တယ်ဆိုတာ
ခင် ... သိစေချင်ပါတယ်။

.....................................................................................................

ခင် ...

**အပျိုဘော်မဝင်ခင်**
**မြင်ကတည်းက**
**ရင်ထဲက စွဲချစ်ခဲ့ပါတယ်။**
အချိန်တန်အရွယ်ရောက်
လူလားမြောက်တော့မှ
နားဖောက်ပြီး တောင်းယူ
ချစ်ကြည်ဖြူခဲ့ကြ။
လှပတဲ့ဘဝလေး
နဝဒေးရွေးခဲ့တယ်။
ရှင်နှောင်းကလေးနဲ့ပေါ့ကွယ်။
.......................................................................................................

ခင် … ရေ

မင်းကုသနဲ့ ပပဝတီအကြောင်း ခင် ကြားဖူးမှာပေါ့နော်။
မင်းကုသက အင်မတန်အရုပ်ဆိုး အကျည်းတန်တယ်။
ပပဝတီက လှတယ်။
ဒါကြောင့် မင်းကုသကို မကြိုက်ဘူး ငြင်းတယ်။
မင်းကုသကလည်း ပပဝတီကို မြင်ပြီးကတည်းက
စွဲစွဲလမ်းလမ်းချစ်ခဲ့တာမို့ ဇွဲနပဲကြီးစွာနဲ့ ပိုးပမ်းခဲ့ပါတယ်။
ပပဝတီတိုင်းပြည်လိုက်သွားပြီး အိုးသည်ယောင်ဆောင်ပြီး ပိုးတယ်။
ပြီးတော့… ဖျာသည်ယောင်ဆောင်ပြီး ပိုးတယ်။
ပြီးတော့ … စားဖိုမှူးလုပ်ပြီး ပွဲတော်အုပ်မှာ အရုပ်တွေဆွဲပြီး ပိုးပြန်တယ်။
ပပဝတီက လုံးဝမကြိုက်။
နောက်ဆုံးတော့ …
**အင်မတန်ဇွဲကောင်းတဲ့အတွက် မင်းကုသဟာ ပပဝတီကို ရခဲ့ပါတယ်။**
**တကယ်ချစ်ခင်စွဲလမ်းလာတဲ့ သူတိုင်းဟာ**
**မင်းကုသလို ဇွဲကောင်းမှာပဲ ထင်ပါရဲ့။**
အဲ့ဒီအခါမှာ ပပဝတီလည်း ချစ်သွားတော့တာပေါ့နော်။
ခင်ကော … ဘယ်လိုမြင်သလဲဟင်။
……………………………………………………………………………………………

ခင် …

**အသည်းကျွမ်းပြီး**
**စွဲလမ်းချင် စွဲလမ်းမယ်။**
**လွမ်းချင်လည်း လွမ်းမယ်။**
တမ်းတမ်းတတ
သတိရချင်လည်းရမယ်။
ဒါပေမယ့် …
ရင်ထဲက မေတ္တာ
ခင် မသိပါစေနဲ့။
ခင် … မသိပါစေနဲ့။
……………………………………………………………………………………………

ခင် ...

မဟာဇနကဇာတ်တော်အကြောင်း ခင့်ကို ပြောပြရဦးမယ်။
ဒီလိုခင်ရဲ့။ မဟာဇနကမင်းသား ကျောက်ဖျာပေါ်မှာ အိပ်စက်နေတုန်း
ဖုဿရထားဆိုက်ရောက်လာတဲ့အတွက် မင်း ဖြစ်ထိုက်သူ ဆိုပြီး
နန်းတော်ကို ပင့်ဆောင်လာကြတယ်။ နန်းတော်ရောက်တဲ့အခါမှာ
နတ်ရွာစံသွားတဲ့ မိတ္ထိလာပြည့်ရှင်မင်းရဲ့သမီးတော် သီဝလိဒေဝီက
မဟာဇနကရဲ့ဘုန်းတန်ခိုးကို စမ်းသပ်လိုတဲ့အတွက်
ပြည်ကြီးရှင် သမီးတော်မင်းသမီးက အဆော်တလျင် အခေါ်တော်လွှတ်ကြောင်း
အထိန်းတော်ကြီးကိုလွှတ်ပြီး လျှောက်ထားခိုင်းသတဲ့။
မဟာဇနကမင်းက ... ဒါ ငါ့ကို အကဲစမ်းတာပဲ ... ဆိုပြီး
မကြားချင်ယောင်ဆောင်ပြီး နန်းတော်ရဲ့တင့်တယ်ပုံတွေ လျှောက်ပြောနေသတဲ့။
အထိန်းတော်ကြီးက အခါခါလျှောက်ထားပေမယ့် မကြားချင်ယောင်ဘဲ ဆောင်နေသတဲ့။
တားလည်း မတားမြစ်ဘူး။ နားလည်းမထောင်ဘူးပေါ့ကွယ်။
နောက်ဆုံး အထိန်းတော်ကြီးက လက်လျှော့ပြီး
မင်းကြီးဟာ သခင်မရဲ့စကားကို အရေးလုပ်ပြီး ပြန်မပြောပါဘူး ... လို့ပြန်လျှောက်ထားသတဲ့။
အဲ့ဒီတော့မှ သီဝလိဒေဝီဟာ အင်း ... ဒီမင်းသားဟာ ယောကျ်ားမြတ်ပီသပြီး
နှလုံးရည်လည်း ပြည့်ဝတော်မူပေတယ် ... လို့ မှတ်ချက်ချသတဲ့။
**တော်သေးတာပေါ့ ခင် ရယ်. မဟာဇနကမင်းကြီး ကယ်ပေလို့။**
**မဟုတ်ရင် မောင်တို့ ယောကျ်ားတွေ မျက်နှာငယ်ကြရတော့မှာ။**
..........................................................................................................

ခင် …

ယောက်ျားဆိုတာ
ဘာသားနဲ့ ထုထားတာလဲ။
ငါ … ခေါ်ရင်ရ
ငါ … ချော့ရင်ပျော့
ငါ … ပြောရင်နားထောင်
ယောင်တောင်တောင် မလုပ်နဲ့။
**ရုပ်သေးရုပ်အလား**
**သဘောထားရင်တော့**
**ခင် … မှားမယ်နော်။**
……………………………………………………………………………………………

ခင် ...

မိတ္ထီလာပြည့်ရှင် ပေါလဇနကမင်းကြီး(သီလဝိဒေဝီမင်းသမီးရဲ့ခမည်းတော်)
နတ်ရွာစံခါနီးမှာ ငါ၏ထီးနန်းကို ဆက်ခံသူသည် ...
(၁) သမီးတော်နှစ်သက်သူ ဖြစ်ရမည်။
(၂) ပလ္လင်၏ခေါင်းရင်းကို သိသူဖြစ်ရမည်။
(၃) ဗိုလ်တစ်ထောင်တင်သော လေး ကို တင်နိုင်သူဖြစ်ရမည်။
(၄) ရွှေအိုးကြီးတစ်ဆယ့်ခြောက်လုံးကို ဖော်နိုင်သူဖြစ်ရမည်။
ဤအင်္ဂါလေးပါးနှင့်ပြည့်စုံသူအား ထီးနန်းကို အပ်နှင်းကြလို့ မှာခဲ့သတဲ့။
ဇနကမင်းကြီးက ဒါကိုသိတော့ သီလဝိမင်းသမီး ရွှေလက်တော်ဆွဲပြီး
ခန်းမဆောင်ထက် တက်တော်မူတယ်။ ပလ္လင်ပေါ်ရောက်တော့
နမတော် ဤဦးသျှောင်ကျင်ကို ခေတ္တယူထားလော့ဆိုပြီး သီဝလိဒေဝီကို ပေးလိုက်သတဲ့။
မင်းသမီးက ပလ္လင်ခေါင်းရင်းမှာထားလိုက်တော့၊ ပလ္လင်ခေါင်းရင်းသိသွားပြန်ရော
ခွန်အား စွမ်းပကားနဲ့ပြည့်စုံသူမို့ ဗိုလ်တစ်ထောင်တင်တဲ့ လေး ကို ကျွမ်းကျင်စွာတင်ပြနိုင်ခဲ့သလို
နှလုံးရည်နဲ့ပြည့်စုံသူမို့ ရွှေအိုးကြီး ၁၆ လုံးကိုလည်း ဖော်ထုတ်နိုင်ခဲ့တယ်။
**အဲ့ဒီလို နှလုံးရည်၊လက်ရုံးရည်နဲ့ပြည့်စုံတဲ့ ယောကျ်ားကောင်း၊ယောကျ်ားမြတ်ကို**
**သီဝလိဒေဝီ ရလိုက်တာ အင်မတန်ကံကောင်းတာပေါ့နော်။**
**အဲ့ဒီလိုယောကျ်ားမျိုးကို ခင်ကော မတွေ့နိုင်ဘူးလို့ ဘယ်လိုပြောနိုင်မလဲနော်။**
**တွေ့ပြီဆိုရင် ခင် ... သူ့ကို သိပ်ချစ်မှာလားဟင်။**

..............................................................................................................................

ခင် …
ကျားဆိုတာ နွားမဟုတ်
နွားဆိုတာလည်း ကျားမဟုတ်
နွားဟာနွား
ကျားဟာ ကျားပါခင်။
ကျားဆိုတာ အသားစားပြီး
လူသားစားဖို့ ဝန်မလေးဘူး။
နွားဆိုတာ မြက်စားပြီး
လူသားကို ကြောက်တယ်။
**လူနဲ့နွားကို**
**သေသေချာချာခွဲခြား**
**ခင် … မှားမှာ စိုးလို့ပါ။**
……………………………………………………………………………………………

ခင် …
ယောကျ်ားကောင်း ယောကျ်ားမြတ်ကို ရထားတဲ့ သီဝလိဒေဝီမိဖုရားကြီးဟာ
သူ့မောင်တော်ကို အတော်ချစ်တာနော်။ လိုလေသေးမရှိအောင် ပါရမီဖြည့်ခဲ့ပါတယ်။
ဒါပေမယ့် မဟာဇနကမင်းကြီးက ဘုရားအလောင်းဖြစ်တာမို့ အချိန်တန်တော့
မိမိဘာသာ ရဟန်းဝတ်ပြီး တောထွက်တော်မူခဲ့သတဲ့။
သိသိချင်း သီဝလိဒေဝီဟာ အူယားဖားယားနဲ့ မင်းကြီးနောက်ကို အပြေးလိုက်ရှာခဲ့တယ်။
နန်းတော်သူ၊နန်းတော်သား ပြည်သူပြည်သားတွေလည်း မင်းကြီးကြွရာနောက်ကို
ငိုယိုပြီး လိုက်ကြပေမယ့် မင်းကြီးက ပြန်မလှည့်ကြည့်တော့ဘဲ ဆက်ကြွသွားသတဲ့။
အမျိုးမျိုး တောင်းပန်ပြီး ငိုယိုလိုက်ကြပြန်သတဲ့။ နောက်ဆုံးတော့ မင်းကြီးက
မဖြစ်ချေဘူးတော့ဘူး ဆိုပြီး မြေကြီးမှာ စည်းသုံးတန်တားသတဲ့။
ဤစည်းကို ဖြစ်ကျော်သူ မင်းပြစ်မင်းဒဏ်သင့်စေလို့ မိန့်တော်မူခဲ့တော့တယ်။
စည်းကိုမကျော်ဝံ့တဲ့ သီဝလိဒေဝီစာ ထိန်းမနိုင်သိမ်းမရ မြေပေါ်မှာ
လူးလိမ့်ရင်းနဲ့ စည်းကိုကျော်မိသွားရော။ အဲ့ဒီတော့ မထူးတော့ဘူးဆိုပြီး
အရှုးမကြီးတစ်ဦးပမာ မင်းကြီးနောက်ကို ပြေးလိုက်ပြန်သတဲ့။
**ခင်ရယ် … သီဝလိဒေဝီ မိဖုရားကြီးရဲ့ချစ်ခြင်းမေတ္တာတရားကတော့**
**စံထားလောက်သလို၊ သနားစရာလည်းကောင်းတယ်နော်။**
**ခင်ကော အဲ့ဒီလို ချစ်မှာလားကွယ်။**
…………………………………………………………………………………………………

ခင် …

**လမ်းကျဉ်းကျဉ်းလေးထဲ**
**တစ်ယောက်တည်းသွားရမယ်ဆိုရင်**
**ခင် … လိုက်ချင်ပေမယ့်**
**ခေါ်ခဲ့လို့မရဘူး။**
**နှစ်ဦးအတူသွားလို့မဖြစ်**
**ခင် … ကျန်ရစ်ရမှာပဲ။**
ကြေကွဲရုံသာ
မတားပါနဲ့ ခင်။
ကိုယ့်လမ်းစဉ် ကိုယ့်ခရီး
တစ်ကိုယ်တည်းသွားချင်တယ်။
…………………………………………………………………………………………

ခင် ...

သီဝလိဒေဝီမိဖုရားနောက်ထပ်ဘာဖြစ်သေးလဲလို့ ခင် သိချင်နေဦးမှာပါ။
မင်းကြီးကလည်း ဆက်ကြွမြဲကြွတယ်။ မိဖုရားကလည်း နောက်ကလိုက်မြဲ လိုက်တယ်။
လမ်းမှာ ဥပမာတွေပြပြီး ဝီဝလိဒေဝီကို နားချပေမယ့် သီဝလိကတော့
အဖိုးတန်ရတနာတစ်ပါးကို အဆုံးရှုံးမခံနိုင်တဲ့ စိတ်မျိုးနဲ့ နောက်က
တကောက်ကောက် လိုက်နေပြန်တော့တယ်။ ဒီလိုနဲ့ မြို့ငယ်တွေကျော်ဖြတ်ပြီး
တောအုပ်ကြီးတစ်ခုအတွင်း ရောက်တဲ့အခါ မဟာဇနကမင်းကြီးက ဖြူဆံမြက်ညွန့်ကိုဆွဲဖြတ်ပြပြီး
သီဝလိဒေဝီမိဖုရားကြီးကို ကြေကွဲစရာကောင်းတဲ့ နှုတ်ဆက်စကား ဆိုပါတော့တယ်။
**သီဝလိဒေဝီ ဤမြက်ညွန့်သည် သူ့အပင်၌ တစ်ဖန်ပြန်၍ ဆက်စပ်သော်လည်း**
**မရှင်တော့သကဲ့သို့ သင်နှင့်ငါသည်လည်း တစ်ဖန်ပြန်၍ ဆက်စပ်ခြင်းငှာ မဖြစ်နိုင်တော့ပြီ။**
**ငါသည် တစ်ယောက်တည်း ရဟန်းပြုနေတော့မည်။ သင်လည်း နေရစ်တော့။** တဲ့။
အဲ့ဒီစကားကြားလိုက်ရတဲ့အခါ သီဝလိဒေဝီမိဖုရားဟာ ရင်ထုမနာ
ငိုကြွေးရင်း သတိမေ့မျော သွားခဲ့သတဲ့ကွယ်။ မင်းကြီးကတော့
သူ့လမ်းအတိုင်း သူ ဆက်လျှောက်သွားတော့တာပေါ့။
**ခင်ရယ် တစ်ချိန်ချိန်မှာ မောင်လည်း ဇနကမင်းကြီးလို တစ်ယောက်တည်း**
**သွားရမယ့်လမ်းကို တစ်ယောက်တည်းထွက်သွားချင်တဲ့အခါ**
**ခင်ကော သီဝလိဒေဝီလို ခံစားရမှာလား။**
**တရားလက်လွတ် မဖြစ်စေဖို့ကိုတော့ ကြိုပြောထားချင်တယ် ... ခင်။**

..................................................................................................................

ခင် …

သည်ဘဝမှာ
နမလက်လျော့
နေလေတော့ဟု
ချစ်ပေ့ါမကြုံ ဆိုပြီး
ရှင်မဟာရဋ္ဌသာရ
ရေးစပ်ခဲ့ဖူးတယ်။
ချစ်သူနမ
ဝဏ္ဏပဘာကို
ကဗျာနဲ့နှုတ်ဆက်
ရှုတ်တရက်လမ်းခွဲ
ရဟန်းဘောင်ထဲ ဝင်ခဲ့တယ်။
**မောင်လည်း ဒီလိုပဲ**
**တစ်ယောက်တည်းသွားရင်**
**ကြေကွဲကျန်ခဲ့မှာလား … ဟင်။**
………………………………………………………………………………………

ခင် ...

အချစ်ရာဇဝင်မှာ စာတင်ထိုက်သူတွေ
အချစ်ကြီးလို့ အမျက်ကြီးတဲ့သူတွေ
စွန့်လွှတ်ရဲတဲ့သတ္တိနဲ့ ချစ်တတ်ကြသူတွေ
ပိုင်ဆိုင်လိုစိတ်နဲ့ အချစ်ကြီးသူတွေအကြောင်း
မောင်သိသမျှ ရေးပြခဲ့ပြီးပြီနော်။
ခင့် ... ကို ဘယ်လိုမျိုး မိန်းမဖြစ်စေချင်သလဲဆိုတာ
အဲ့ဒီစာတွေဖတ်ပြီးတာနဲ့ ခင်သိပြီပေါ့နော်။
အဲ့ဒီထဲက စံထားထိုက်တဲ့ မိန်းမမျိုး
ခင် ... ဖြစ်နေလိမ့်မယ်လို့ ယုံကြည်ပါတယ်။
ခင်ကကော ... မောင့်ကို
စာတင်ထိုက်တဲ့ အချစ်သူရဲကောင်းမျိုး
ဖြစ်စေချင်မှာပေါ့နော်။
**ဘာပဲဖြစ်ဖြစ်ပေါ့ ... ခင်ရယ်**
**ဒီစာတွေဖတ်ပြီးတော့**
**အရင်ကထက်ပိုချစ်တတ် ကြင်နာတတ်တဲ့**
**ချစ်သူတွေ ဖြစ်ကြရအောင်နော်။**
**ခင် ... သဘောတူတယ်နော် ... ဟုတ်။**
........................................................................................

ခင် ...

အချစ်ဆိုတဲ့
ဘုတ်အုပ်ကြီးထဲမှာ
တို့အတွက် စာတစ်မျက်နှာ
နေရာရဖို့အရေး
(မောင်) တို့ တွေးရအောင်။
သူများထက်ထူးအောင်
ရူးရူးမူးမူး ချစ်ကြမယ်။
သူများထက်သာအောင်
ကြင်နာယုယ မြတ်နိုးကြမယ်။
သူများလိုက်မမီအောင်
ယုံကြည်နားလည်မှုအပြည့်နဲ့
ပါရမီဖြည့်ကြမယ်။
အဲ့ဒီလို ...
**ချစ်တဲ့နေရာမှာ**
**သူများတကာထက်သာရင်**
**အချစ်ရာဇဝင် ဘုတ်အုပ်ကြီးထဲမှာ**
**တို့အတွက် စာတစ်မျက်နှာ**
**အသေအချာပေါ့ ခင် ... ရယ်။**

.............................................................ပြီးပါပြီ....................................................